မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၆)၊ အမှတ်(၀၄၉)

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်၏ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားမည်

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပမည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အစီအစဉ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်၏ မူဝါဒများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်ရာ ယင်းနေ့နံနက် ၁၀ နာရီမှစတင်ပြီး MRTV HD၊ MRTV News၊ MRTV Parliament၊ MRTV Farmers'၊ MWD HD၊ MWD Variety ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား တွေ့ဆုံဩဝါဒစကားပြောကြားစဉ်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား တွေ့ဆုံဩဝါဒစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်



နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) "အက်ဗန်"(AKVAN)သည် အနောက်မြောက်ဘက်သို့ ဖြည်းညည်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံကိုကိုးကျွန်းမြို့ (Coco Island)၏ အနောက်-အနောက်တောင်ဘက် ရေပိုင် ၄၇၀ မိုင်ခန့်၊

စာမျက်နှာ ၈ ကော်လံ ၁ ❖

ယနေ့ ဖတ် စ ရာ

သဒ္ဓါတရား၊ ကုသိုလ်တရားနှင့် ပွဲတော်အလှူတရားတို့ ဆုံစည်းရာ မာရဝိဇယတန်ဆောင်တိုင် ... ဆောင်းပါး စာ ၆

တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ၂၀၂၆ ခုနှစ် ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ ပြည်တွင်းသတင်း စာ ၁

ဖလမ်းမြို့ ငဆစ်တးရေအားလျှပ်စစ်စက်ရုံနှင့် တီးတိန်မြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ပြည်တွင်းသတင်း စာ ၉



နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်နေ့မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဘုန်းမြတ်သူ ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(၁၇-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၈ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၉,၇၂၀,၂၆၈.၁၆	၁၂,၅၃၀,၆၅၁.၂၈	၁၄,၂၄၅,၂၅၂.၂၀	-

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

၁၇ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၆၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄,၂၇၀	၄၄,၂၅	၄၃၇၅	၄,၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၃၇၅	၄၇,၂၅	၄၇၅၅	၄၃၇၅	၄၅၁၅	၄၄၇၀	၄၄,၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၁၅	၄၄၇၀	၄၄,၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅,၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄,၂၀	၄၅၄၅	၄၅၁၀	၄၄၇၀	၄၄၀၀	၄၇၃၀
HSD (500 ppm)	၄၃၀၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၃၅	၄၅၄၅	၄၅၈၀	၄၄၆၅	-	၄၈၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၃၀	၄၅၄၀	၄၇၆၀
HSD (50 ppm)	၅၃၁၅	၅၄၇၀	၅၄,၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅,၂၀	၅၄၀၀	၅၇၇၀	၅၈၀၀	၅၄,၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၀၀	၅၇၃၀
HSD (10 ppm)	၅၃၁၅	၅၄၇၀	၅၄,၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅,၂၀	၅၄၀၀		၅၈၀၀	၅၄,၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၀၀	၅၇၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဆီးချိုသွေးချို ရောဂါဘေး စောစောရှာဖွေကုသပေး

မကူးစက်နိုင်သောရောဂါများ (NCDs – Non – Communicable Diseases) ဖြစ်ပွားရခြင်းသည် ရောဂါပိုးမွှားများ ကူးစက်ခြင်းကြောင့် မဟုတ်ဘဲ လူတစ်ဦးချင်း၏ မျိုးရိုးဗီဇ၊ ဇီဝကမ္မဖြစ်စဉ်များ၊ ပတ်ဝန်းကျင် အခြေအနေနှင့် နေထိုင်စားသောက်မှု အလေ့အထများကြောင့် ဖြစ်သည်။ မကူးစက်နိုင်သော နာတာရှည်ရောဂါများထဲတွင် အဖြစ်အများဆုံးသောရောဂါတို့မှာ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ကင်ဆာရောဂါနှင့် ဆီးချိုရောဂါတို့ဖြစ်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားနိုင်ခြေများကို လေ့လာခြင်းသုတေသန STEPS Survey (၂၀၂၄) အရ ဆီးချိုသွေးချို ရောဂါရှိသူ ၇ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဆီးချိုသွေးချို ကနဦးအဆင့် ဖြစ်ပွားနေသူ ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီ သေဆုံးမှုဖြစ်စေသည့် အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Early Action on Diabetes" ဖြစ်ပြီး ဆီးချိုသွေးချိုရောဂါကို စောစီးစွာသိရှိစစ်ဆေးပြီး အချိန်မီ ထိန်းချုပ်ကုသနိုင်ရန် ရည်ရွယ်၍ "ဆီးချိုသွေးချို ရောဂါဘေး စောစောရှာဖွေကုသပေး" ဟု မြန်မာပြန်ဆိုထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချို ရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ဆီးချိုသွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ်ချို့ယွင်း၍ ဖြစ်ပေါ်လာသည့် သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်ပြီး ကလေးသူငယ်များနှင့် လူငယ်လူရွယ်များတွင်အဖြစ်များသည့် ဆီးချိုသွေးချိုရောဂါ အမျိုးအစား (၁) နှင့် အသက်အရွယ်ကြီးသူများတွင် အဖြစ်များသည့် ဆီးချိုသွေးချိုရောဂါ အမျိုးအစား (၂) တို့မှာ အဓိက အမျိုးအစားများ ဖြစ်သည်။ အမျိုးအစား (၁) သည် ပန်ကရိယဟုခေါ်သော ဂလင်းအကျိတ်မှ အင်ဆူလင်ဟော်မုန်းကို လိုအပ်သလောက် မထုတ်ပေးနိုင်ခြင်းကြောင့်ဖြစ်လာရခြင်းဖြစ်ပြီး ဆီးချိုသွေးချိုရောဂါရှင် စုစုပေါင်း၏ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းတို့တွင် ဆီးချိုသွေးချို အမျိုးအစား (၁)ကို တွေ့ရှိသည်။ ပန်ကရိယဟုခေါ်သော ဂလင်းအကျိတ်မှ ထွက်လာသော အင်ဆူလင်ဟော်မုန်းကို ခန္ဓာကိုယ်က အပြည့်အဝ အသုံးမပြုနိုင်ခြင်းကြောင့်ဖြစ်ပေါ်လာသော ဆီးချိုသွေးချို အမျိုးအစား (၂) မှာ ဆီးချိုသွေးချိုရောဂါရှင် စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းတွင် တွေ့ရှိရာ အဖြစ်အများဆုံးဖြစ်သည်။

ဆီးခဏာခဏာသွားခြင်း၊ ရေအလွန်ငတ်ခြင်း၊ ဆာလောင်နေတတ်ခြင်း၊ ကိုယ်အလေးချိန်ကျသွားခြင်း၊ နံးချည်နေခြင်း၊ ပတ်ဝန်းကျင်ကို စိတ်ဝင်စားမှုမရှိခြင်း၊ အာရုံစူးစိုက်မှုမရှိခြင်း၊ အခြင်အာရုံ ဝေဝါးခြင်း၊ အနာများ မကြာဇာထပေါက်ခြင်း၊ အနာကျက်ရန်ခက်ခဲခြင်း၊ ခြေလက်များ ထုံကျဉ်ခြင်း စသည်တို့မှာ ဆီးချိုသွေးချိုရောဂါ၏လက္ခဏာများပင် ဖြစ်သည်။ မိသားစုဝင်ထဲ၌ ဆီးချိုသွေးချိုရောဂါရှိခြင်း၊ ကိုယ်အလေးချိန်များလွန်းခြင်း၊ အထူးသဖြင့် ဝမ်းတွင်းအဆီများလွန်းခြင်း၊ အသက် ၄၅ နှစ် အထက်ဖြစ်ခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုနည်းပါးသည့် ဘဝနေထိုင်မှုပုံစံရှိခြင်း၊ ယခင်က ကိုယ်ဝန်ဆောင်စဉ် ဆီးချိုရောဂါရှိခဲ့ဖူးခြင်း၊ ယခင်က ဆီးချိုသွေးချိုရောဂါ ကနဦးအဆင့်များရှိခဲ့ခြင်း စသည့် အချက်များမှာ ဆီးချိုသွေးချို ဖြစ်နိုင်ခြေရှိသူအဖြစ် သတိပြုရန်လိုသည်။

ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ အာရုံကြောထိခိုက်ခြင်း၊ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ရောဂါပိုးဝင်လွယ်၍ အနာကျက်ရန် ခက်ခဲခြင်း၊ ခြေထောက်ပုပ်ခြင်း၊ ကိုယ်ဝန်ဆောင်ချိန်တွင် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆင့်ပွားရောဂါများကြောင့် မိခင်နှင့် ကလေး၏ ကျန်းမာရေးနှင့်အသက်အန္တရာယ်ထိခိုက်နိုင်ခြင်း စသည့် ပြင်းထန်သော နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးများ ဖြစ်မလာစေရန် ဆီးချိုသွေးချိုရောဂါကို စောစီးစွာရှာဖွေကုသရန်လိုသည်။ ဆီးချိုသွေးချိုရောဂါကို အဖြစ်ပြတ်အောင်ကုသ၍မရသော်လည်း ဆရာဝန်နှင့်ပြသ၍ သွေးချို မှန်မှန်စစ်ဆေးခြင်း၊ စနစ်တကျ နေထိုင်စားသောက်ပြီး ကျွမ်းကျင်သူများနှင့် ကုသမှုခံယူခြင်းဖြင့် သက်တမ်းစေ့ နေထိုင်နိုင်သည်။

ဆီးချိုသွေးချိုရောဂါရှိနေပါက အစားလျှော့စားပြီး အချို၊ အငန်၊ အဆီများသည့် အစားအစာများကိုလည်း လျှော့စားရန်၊ ရေများများ သောက်ရန်၊ ကိုယ်အလေးချိန် ထိန်းရန်၊ အထိုင်များခြင်းကိုရှောင်၍ လှုပ်ရှားမှုများများပြုလုပ်ရန်၊ နေ့စဉ်နာရီဂက်၊ တစ်ပတ်လျှင် ၅ ရက် စုစုပေါင်း မိနစ် ၁၅၀ ထက်မနည်း ပုံမှန်လေ့ကျင့်ခန်းလုပ်ရန်၊ အမျှင် ဓာတ်များသောအစားအစာ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများများနှင့် စုံအောင်စားရန်၊ တိရစ္ဆာန်မှရသော အဆီများကို ရှောင်ရန်နှင့် စိတ်ဖိစီးမှုများကို လျော့နိုင်သမျှလျော့အောင် ကြိုးစားနေထိုင်ရန် ကျန်းမာရေးပညာရှင်များက လမ်းညွှန်ထားရာ ဂရုတစိုက် လိုက်ပါကျင့်သုံးကြခြင်းဖြင့် ဘဝသက်တမ်းရှည်ကြာ နေနိုင်ကြပါစေကြောင်း။ ။

မြန်မာ့အလင်း

အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်
ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ့ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၇၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၇၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဒုတိယဆင့်၊ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၀၊ စီမံ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀။ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❖ ရှေ့ဖိုးမှ

အဆိုပါ ဩဝါဒခံယူပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးကြိုဆိုနွှတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရင်းရင်းနှီးနှီး ကြိုဆိုနွှတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဩဝါဒစကား ပြောကြားရာတွင် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူစွမ်းအား အရင်းအမြစ်များဖြစ်သည့် ဆရာ ဆရာမလောင်းများကို လက်တွေ့လုပ်ငန်းခွင်မဝင်မီ ယခုကဲ့သို့ တွေ့ဆုံပြီး အမှာစကားပြောကြားရသည်ကို ဝမ်းသာပီတိဖြစ်ရကြောင်း၊ ထို့အပြင် မောင်တို့ မယ်တို့၏ အခြေခံပညာရေးကစပြီး ဘွဲ့ရရှိသည်အထိ ပညာရေးခရီးစဉ်တစ်လျှောက် လမ်းညွှန်သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများနှင့် ပညာရေးကို အားပေးပံ့ပိုးပေးခဲ့ကြသည့် မိဘအုပ်ထိန်းသူများကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့သည် ဆရာအတတ်ပညာရေးနယ်ပယ်တွင် ရှည်လျားသည့် သမိုင်းအစဉ်အလာကောင်းများနှင့် ဂုဏ်သတင်းမွေးသည့် တက္ကသိုလ်များလည်းဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ယင်းတက္ကသိုလ်နှစ်ခုသည် နိုင်ငံတော်၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများကို နှစ်စဉ်မပြတ်မွေးထုတ်ပေးနိုင်ခဲ့သည့် အရေးပါသော စွမ်းဆောင်မှုများအတွက်လည်း အသိအမှတ်ပြုဂုဏ်ယူကြောင်းကို ပြောကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနွှတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ကျောင်းသား ကျောင်းသူနှစ်ဦးက ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်

ပညာရေးတက္ကသိုလ်များအနေဖြင့်လည်း ဆရာအတတ်သင် ပညာရေးအရည်အသွေးမြှင့်တင်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ဉာဏ်ရည်တုနည်းပညာ(AI) ခေတ်အတွက် အဆင်သင့်ဖြစ်သည့် ဆရာ ဆရာမများ မွေးထုတ်ပေးရေးတို့ကိုအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် လူမှုအသိုက်အဝန်းအတွက် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားကြရန်လည်းလိုအပ်ကြောင်း။

မြန်မာစကားပုံတွင် **'ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်'** ဟု ဆိုကြပြီး ရေနှင့်အစာအစာသည် ခန္ဓာကိုယ်အသက်ရှင်ရပ်တည်ရန် လိုအပ်သကဲ့သို့ ပညာသည်လည်း လူတစ်ဦး၏ ဘဝတစ်လျှောက်လုံး ရပ်တည်ရှင်သန်နိုင်ရန် မရှိမဖြစ်လိုအပ်ကြောင်း၊ စာပေဗဟုသုတနှင့် အသိပညာမပြည့်စုံသူများသည် ဘဝတစ်လျှောက် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် အခက်အခဲများစွာ ကြုံတွေ့နိုင်သောကြောင့် **'ပညာအသက် ဘဝတစ်သက်'** ဟုလည်း ဆိုနိုင်ကြောင်း။

ထို့ကြောင့် ပညာရေးသည် စာသင်ကြားပေးခြင်း၊ ဘွဲ့လက်မှတ်ရရှိစေခြင်းဟူသည့်အဆင့်ထက် ပိုမိုကျယ်ပြန့်ပြီး လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးနှင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ်အရည်အသွေးများပြည့်ဝသည့် လူတော်လူကောင်းများဖြစ်လာစေရေး ပညာရေးဖြင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် ခေတ်မီနည်းပညာများ မည်မျှပင် တိုးတက်နေသည်ဖြစ်စေ ကျောင်းသား ကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ်အရည်အသွေးများကို ထိထိရောက်ရောက် ပြုစုပျိုးထောင်ပေးနိုင်မည့် ဆရာ ဆရာမများ၏ အရည်အသွေးကသာ ပို၍အဓိကကျကြောင်း။

ဘဝတစ်လျှောက်လုံးအတွက်အကျိုးပြု

ကျောင်းသား ကျောင်းသူများသည် စာအုပ်ထဲမှ ပညာရပ်များကိုသာ သင်ယူကြသည်မဟုတ်ဘဲ ဆရာ ဆရာမများ၏ အပြုအမူ၊ အပြောအဆို၊ စည်းကမ်းလိုက်နာမှု၊ တာဝန်ယူမှုနှင့် ကိုယ်ကျင့်တရားများကိုပါ အတုယူသင်ယူကြသည်ဖြစ်ကြောင်း၊ **"ဆရာကောင်းတပည့် ပန်းကောင်းပန်"** ဟူသည့် ဆောင်ပုဒ်သည် အဓိပ္ပာယ်အလွန်နက်ရှိုင်းကြောင်း၊ ဆရာကောင်းတစ်ဦး၏ သင်ကြားပေးမှု၊ လမ်းညွှန်မှုနှင့် စံနမူနာကောင်းများသည် တပည့်များ၏ ဘဝတစ်လျှောက်လုံးအတွက် အကျိုးပြုနိုင်ကြောင်း။

မိမိတို့၏တပည့်များကို **'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ'** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ မျိုးချစ်စိတ်ကိုအခြေခံသည့် ပြည်ထောင်စုချစ်စိတ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဓာတ်များ *စာမျက်နှာ ၄ သို့*



သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

❖ ပညာရေးတက္ကသိုလ်များအနေဖြင့်လည်း ဆရာအတတ်သင်ပညာရေး အရည်အသွေးမြှင့်တင်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ဉာဏ်ရည်တုနည်းပညာ(AI) ခေတ်အတွက် အဆင်သင့်ဖြစ်သည့် ဆရာ ဆရာမများ မွေးထုတ်ပေးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်၊ ထို့အပြင် လူမှုအသိုက်အဝန်းအတွက် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားကြရန်လည်းလို

❖ နိုင်ငံတော်အဓိုးရအနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိ၊ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ ပညာသင်ယူခွင့်များ ပိုမိုရရှိစေရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး တိုးချဲ့ဖော်ဆောင်ရေး၊ သင်ကြားရေးနှင့် လုပ်ငန်းခွင် လိုအပ်ချက်များ ကိုက်ညီစေရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- **မိမိတို့တာဝန်ကျရာ ကျောင်းနှင့်ဒေသများတွင် ကျောင်းအုပ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအကြား အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ကြရမည်ဖြစ်**
- **မိမိတို့တာဝန်ကျရာဒေသ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများတွင်လည်း စေတနာထားပြီး တတ်နိုင်သမျှ ပါဝင်ကူညီဆောင်ရွက်ပေး**

စာမျက်နှာ ၃ မှ

ကိန်းအောင်းရှင်သန်လာစေရေးနှင့် လိမ္မာယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းအတွက် မဖြစ်မနေလိုအပ်သည့် စည်းကမ်းသိရှိလိုက်နာမှုများကို လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ ပညာသင်ယူခွင့်များ ပိုမိုရရှိစေရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး တိုးချဲ့ဖော်ဆောင်ရေး၊ သင်ကြားရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များ ကိုက်ညီစေရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေများကိုလည်း တိုးမြှင့်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာန အတွက် နိုင်ငံတော်ဘတ်ဂျက်၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်းကို ခွဲဝေသုံးစွဲသွားမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများ၏ ပညာရေးဆိုင်ရာ အသုံးစရိတ်များကိုပါ ထည့်တွက်မည်ဆိုပါက ပညာရေးကဏ္ဍတစ်ခုလုံး အတွက် ၉ ဒသမ ၂၂ ရာခိုင်နှုန်းအထိ သုံးစွဲသွားရန် ဆောင်ရွက်ထားကြောင်း၊ ထို့အပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် ဘတ်ဂျက်ခွဲဝေမှုကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲရန်နှင့် မိမိတို့အစိုးရ၏ ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရန် ရည်မှန်းထားကြောင်း။

ထိုသို့ ပညာရေးအတွက် ခွင့်ပြုရန်ပုံငွေများ တိုးမြှင့်ရင်းနှီးမြှုပ်နှံခြင်းသည် စာသင်ကျောင်းနှင့် အဆောက်အအုံများ တည်ဆောက်ပေးရုံသာမက ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန်၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရန်၊ ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် အခြေခံပညာကျောင်းများကို စံကိုက် ကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ရေးကိုလည်း ဆောင်ရွက်နေကြောင်း၊ စံကိုက်ကျောင်းများအဖြစ် အခြေခံပညာ မူလတန်းကျောင်းများအတွက် ကျောင်းပိုင်မြေ ၃ ကေမှ ၅ ကေအထိ၊ အလယ်တန်း ကျောင်းများအတွက် ၅ ကေမှ ၇ ကေအထိနှင့် အထက်တန်းကျောင်းများအတွက် ၇ ကေမှ ၁၀ ကေ အထိဟူ၍ သတ်မှတ်ထားကြောင်း၊ ကျောင်းဆောင် သစ်များ၊ အကြီးစားပြုပြင်မွမ်းမံမှုများ၊ ဘက်စုံသုံး ခန်းမနှင့် အားကစားရုံများ၊ စုဝေးကွင်းများ၊ ခြံစည်းရိုး များ၊ သန့်စင်ခန်းများနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေကြောင်း။

အခြေခံပညာရေးပိုင်းတွင် KG+9 အထိ မသင် မနေရပညာရေးစနစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ကျောင်းနေအရွယ်ကလေး တိုင်း ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာရေးတစ်ပိုင်း တစ်စဖြင့် ရပ်နားခဲ့ရသူများ ပညာရေးလမ်းကြောင်း ပေါ် ပြန်လည်ရောက်ရှိရေးတို့ကို အလေးထား ဆောင်ရွက်နေကြောင်း။

ထိုသို့ ဆောင်ရွက်နေရခြင်းမှာ လူတစ်ယောက် အတွက် ဘဝတစ်လျှောက်လုံး ရှင်သန်ရပ်တည်နိုင်ရန် မူလတန်းပညာအဆင့်တစ်ခုတည်းဖြင့် မလုံလောက် ခြင်းကြောင့်ဖြစ်ကြောင်း၊ အနည်းဆုံး အလယ်တန်း ပညာအဆင့်ပြီးမြောက်မှသာ လူ့ဘဝအတွက် လိုအပ်သည့် အသိဉာဏ်ပညာ၊ စဉ်းစားတွေးခေါ်နိုင် စွမ်းနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများ ပိုမိုဖွံ့ဖြိုး လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မူလတန်းအဆင့် ၌ပင် ကျောင်းထွက်မှုများမဖြစ်ပေါ်စေရေးနှင့် KG+9 ပြီးမြောက်သည်အထိ သင်ယူနိုင်ရေးကို အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပိုင်းဝန်းအကောင်အထည်ဖော်

မောင်တို့မယ်တို့သည် အထက်တန်းပြဆရာများ အဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ် ကြောင်း၊ အထက်တန်းအဆင့် တက်ရောက်လာသည့် ကျောင်းသားများသည် နိုင်ငံတော်မှ အနိမ့်ဆုံး သတ်မှတ်ထားသည့် KG+9 ပြီးမြောက်အောင်မြင် သူများဖြစ်သဖြင့် အထက်တန်းပညာ၊ အဆင့်မြင့် ပညာကို စိတ်အားထက်သန်စွာဖြင့် တတ်မြောက် သင်ကြားလိုသူများလည်းဖြစ်ကြကြောင်း၊ KG+12 ပြီးမြောက်၊ ဖြေဆို၊ အောင်မြင်သူများဖြစ်အောင် အစစအရာရာ အားပေးကြရန်လိုကြောင်း၊ ယင်း လုပ်ငန်းများကို မိမိတို့တာဝန်ကျရာဒေသများတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မိဘများ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်းပြီး လှုံ့ဆော်၊ စည်းရုံးပံ့ပိုး အားပေးခြင်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

တစ်ဖက်တွင်လည်း အခြေခံပညာအလယ်တန်း အဆင့်မှစပြီး စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆိုင်ရာ အခြေခံဘာသာရပ်များ သင်ကြားပေးနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ယင်းဘာသာရပ်များနှင့် သက်ဆိုင်သည့် အထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနေကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူ ရေးသိပ္ပံကျောင်းများကို သင့်လျော်သည့် တက္ကသိုလ်၊ ကောလိပ်အဆင့်အထိ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက် နေသကဲ့သို့ ယခုနှစ်တွင် Polytechnic University ၃ ခုနှင့် ၂၀၂၇-၂၀၂၈ ပညာသင်နှစ် တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် Polytechnic School များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေကြောင်း။

ထိုသို့ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် အခြေခံပညာရေးကို ချိတ်ဆက်ဆောင်ရွက်နေခြင်း သည် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ စိတ်ဝင်စားရာ ပညာရပ်များနှင့် လက်တွေ့အသုံးချ နိုင်သည့် ကျွမ်းကျင်မှုများကို စောစီးစွာ ရရှိလာစေ ရန်အတွက်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များ တွင် ပညာသင်ယူမှုရပ်နားခဲ့ရသူများအတွက် အခြေခံ သက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ် သင်ကြားပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ပညာရေးတစ်ပိုင်းတစ်စဖြင့် လုပ်ငန်းခွင်ထဲ ရောက်ရှိနေသူများကိုလည်း မိမိတို့ရရှိထားသည့် လုပ်ငန်းခွင်ကျွမ်းကျင်မှုများကတစ်ဆင့် ပညာရေး လမ်းကြောင်းပေါ် ပြန်လည်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ဆောင်ရွက်နေ ကြောင်း၊ အလားတူ ပညာရေးအခွင့်အလမ်းများကို မြို့ပြဒေသများတွင်သာမက ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသများ၊ နယ်စပ်ဒေသများနှင့် ပညာရေးဝန်ဆောင်မှုအားနည်းနေသည့် နေရာများ တွင်ပါရရှိနိုင်ရေး ဆောင်ရွက်ပေးနေကြောင်း။

ထို့ပြင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူ အားကစားကဏ္ဍကိုလည်း အလေးအနက်ထား ဆောင်ရွက်နေကြောင်း၊ ပညာရေးဆိုသည်မှာ စာပေသင်ကြားပေးရုံဖြင့်မပြီးဘဲ ကျောင်းသား ကျောင်းသူများ ကိုယ်စိတ်နှစ်ပါးကျန်းမာကြံခိုင်ပြီး စည်းကမ်းရှိသည့် လူငယ်များဖြစ်လာရန်လည်း လိုအပ်ကြောင်း၊ အားကစားလှုပ်ရှားမှုများသည် ကျန်းမာရေးကောင်းမွန်စေရုံသာမက စည်းကမ်း လိုက်နာမှု၊ ခွဲလုံ့လ၊ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက် မှုနှင့် တာဝန်ယူမှုစိတ်ဓာတ်များကိုပါ ပျိုးထောင်ပေး နိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူ များကို ပညာရည်သာမက ကိုယ်ကာယကြံခိုင်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုတို့ပါ ပြည့်စုံလာစေရေး အားကစား နှင့် ကိုယ်လက်လှုပ်ရှားမှုများတွင် ပါဝင်လာအောင် ဆရာ ဆရာမများက အားပေးလမ်းညွှန်ပေးကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများချမှတ် ပြီး ဘဏ္ဍာငွေ၊ အခြေခံအဆောက်အအုံနှင့် ပညာရေး အခွင့်အလမ်းများ ဖြည့်ဆည်းပေးနေသကဲ့သို့ ထိုသို့ ဆောင်ရွက်ချက်များကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်ပေးကြမည့် ဆရာ ဆရာမများ ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီး ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် လုပ်ငန်းခွင်ရောက်ရှိသည့်အခါ အထူးအလေးထား လိုက်နာဆောင်ရွက်ရမည့် အချက် (၅)ချက်ကို မှာကြားလိုကြောင်း။

ပထမအချက်အနေဖြင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် သင်ကြားရေးအတွေ့အကြုံတို့ကို အဖြတ်မခံမြဲတင်နေကြရန်ဖြစ်ကြောင်း၊ မိမိတို့ သင်ကြားပို့ချရမည့် ဘာသာရပ်များကို ကျွမ်းကျင် ပိုင်နိုင်စွာ သိရှိနားလည်ထားရမည်ဖြစ်ပြီး သင်ကြား ရေးနည်းစနစ်များကိုလည်း အစဉ်တစိုက် လေ့လာ နေကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ များ၏ အသက်အရွယ်၊ သင်ယူနိုင်စွမ်းနှင့် လိုအပ်ချက် များအပေါ်မူတည်ပြီး သင့်တော်သည့် သင်ကြားသင်ယူ မှုနည်းလမ်းများကို အသုံးပြုကြရမည်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုကို အကောင် အထည်ဖော်ဆောင် ရွက်ကြရန်ဖြစ်ကြောင်း၊ ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာ၊ မေးခွန်းမေးမြန်းခြင်းများ ဆွေးနွေး ခြင်းများလုပ်ရမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်စဉ်းစားပြီး လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် သင်ယူထားသည့် အသိပညာများကို အသုံးချနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား တစ်ဦးချင်းစီ၏ မတူကွဲပြားသည့် သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို နားလည်ပြီး မည်သူမျှ နောက်ကျ မကျန်ရစ်စေရေး အလေးထား သင်ကြားပေးကြ ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

တတိယအချက်အနေဖြင့် ဆရာ့ကျွင့်ဝတ်နှင့် စံနမူနာကောင်းများကို ထိန်းသိမ်းလိုက်နာကြရန်ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေးသူများ သာမက အတုယူအားကျရသည့် စံနမူနာကောင်းများ လည်း ဖြစ်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရိုးသား ဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ စည်းကမ်းရှိမှု၊ တရားမျှတ မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို မိမိတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများတွင် လက်တွေ့ကျင့်သုံး ကြရမည်ဖြစ်ကြောင်း။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ၊ မိနှင့်ဘ" ဆိုသည့်အတိုင်း မိဘသည် လူတစ်ဦး၏ ပထမဆုံးဆရာဖြစ်ပြီး ဆရာ ဆရာမများသည်လည်း ဘဝတိုးတက်ရေးအတွက် လမ်းညွှန်ပေးသူများ ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများသည် မိမိတို့တပည့် သားသမီးများအတွက် ဒုတိယမိဘများဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအခြေအနေများကို နားလည် ပြီး သားသမီးအရင်းအချာကဲ့သို့ သဘောထားကာ ကြင်နာမှု၊ စိတ်ရှည်မှုနှင့် လေးစားမှုတို့ကို အခြေခံပြီး သင်ကြားလေ့ကျင့်ပေးကြရန်လိုကြောင်း။

ကျောင်းဆိုသည်မှာ ကျောင်းသား ကျောင်းသူ တိုင်း လုံခြုံစိတ်ချစွာ သင်ယူနိုင်သည့် နေရာဖြစ်ရန် လည်း လိုအပ်ကြောင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြား ဆက်ဆံခြင်း၊ အရွက်ရစေခြင်းတို့ကိုရှောင်ကြဉ်ပြီး ကျောင်းသား ကျောင်းသူများ၏ အားသာချက်များ ကိုဖော်ထုတ်ပြီး အားနည်းချက်များကို ပြုပြင်လာ အောင် ကူညီပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့တပည့် များကို ပညာရပ်သင်ကြားပေးနေသကဲ့သို့ စိတ်ဓာတ် နှင့် ကိုယ်ကျင့်တရားကိုလည်း ပြုပြင်ပျိုးထောင်ပေး ကြရန် အရေးကြီးကြောင်း။

စတုတ္ထအချက်အနေဖြင့် လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုရှိကြရန် ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာ ကျောင်းနှင့်ဒေသ များတွင် ကျောင်းအုပ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအကြား အပြန်အလှန် လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက် ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာဒေသ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ဆောင်ရွက် ရမည်ဖြစ်သကဲ့သို့ ဒေသ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင်လည်း စေတနာထားပြီး တတ်နိုင်သမျှ ပါဝင်ကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပဥ္စမအချက်အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာကြတော့မည် ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အထူးစောင့်ထိန်း လိုက်နာကြရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းတစ်ဦး အနေဖြင့် ထမ်းဆောင်ရမည့် တာဝန်များ၊ စောင့်ထိန်း ရမည့် ကျင့်ဝတ်များနှင့် လိုက်နာရမည့် စည်းကမ်းများ ကို သိရှိနားလည်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံအတွက် အားကိုး အားထားပြုရမည့် ပညာရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

AI နည်းပညာများကို မှန်ကန်စွာအသုံးချတတ်ရန်လို

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ ပညာရပ် ဆိုင်ရာ အသိပညာကိုသာ အားကိုးနေခြင်းမျိုး မဟုတ်ဘဲ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၊ ဒီဂျစ်တယ်သင်ကြားရေး အထောက်အကူ ပြုကိရိယာများ၊ အွန်လိုင်းသင်ယူမှုအရင်းအမြစ် များနှင့် AI နည်းပညာများကိုလည်း သင့်လျော် မှန်ကန်စွာ အသုံးချတတ်ရန် လိုအပ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နည်းပညာကို အသုံးပြု နိုင်ရေးတစ်ခုတည်းကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ နည်းပညာကိုအသုံးချပြီး ကျောင်းသား ကျောင်းသူ များ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ စွမ်းဆောင်ရည်များ တိုးတက်လာအောင် စီမံ သင်ကြားပေးနိုင်ရန် ပို၍အရေးကြီးကြောင်း၊ နည်းပညာအသုံးပြုရာတွင်လည်း အချက်အလက် မှန်ကန်မှု၊ ကိုယ်ရေးအချက်အလက်လုံခြုံမှုနှင့် ပညာရေးဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကြရန် လိုကြောင်း။

ထို့ပြင် မိမိတို့၏ သင်ကြားရေးအတွေ့အကြုံများ ကို ပြန်လည်သုံးသပ်ပြီး အားသာချက်၊ အားနည်းချက် များကိုဖော်ထုတ်၊ ပို့မိုကောင်းမွန်သည့် သင်ကြားရေး နည်းလမ်းများကို ရှာဖွေကြရန်လိုအပ်ကြောင်း၊ အတွေ့အကြုံရှိသည့် ဆရာ ဆရာမများထံမှ လေ့လာ သင်ယူပြီး သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အတွေ့ အကြုံဖလှယ်ပွဲများတွင် ပါဝင်ခြင်းများကတစ်ဆင့် မိမိတို့၏ပညာရပ်နှင့် သင်ကြားရေးစွမ်းရည်များကို အဆက်မပြတ် မြှင့်တင်သွားကြရန်လည်း တိုက်တွန်း လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လုပ်ငန်းခွင် အတွင်း စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Continuous Professional Development–CPD) ကို အလေးထားဆောင်ရွက် နေခြင်းပင်ဖြစ်ကြောင်း။

ဆရာတစ်ဦး၏ အောင်မြင်မှုကို မိမိသင်ကြား ပို့ချခဲ့သည့် သင်ခန်းစာအရေအတွက်၊ အချိန်ကာလ နှင့် လုပ်သက်များဖြင့်သာ တိုင်းတာရခြင်းမဟုတ် ကြောင်း၊ မိမိတို့၏သင်ကြားပေးမှုကြောင့် ကျောင်းသား ကျောင်းသူများ၏ အသိပညာတိုးတက်လာမှု၊ စဉ်းစားတွေးခေါ်နိုင်စွမ်း မြင့်မားလာမှု၊ မိမိကိုယ်ကို ယုံကြည်မှုရှိလာမှုနှင့် လူမှုပတ်ဝန်းကျင်တွင် တာဝန် ယူပါဝင်ဆောင်ရွက်နိုင်မှုတို့ကိုပါ ထည့်သွင်းတိုင်းတာ ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများကို အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတပြည့်စုံသည့် အဖိုးတန်လူငယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေး အနက်ထားမှာကြားလိုကြောင်း။

မိမိတို့ရရှိထားသည့် ဘွဲ့လက်မှတ်ကို ပညာ သင်ယူမှု၏ အဆုံးသတ်အဖြစ် မမြင်ကြစေလိုကြောင်း၊ လက်တွေ့လုပ်ငန်းခွင်သည်လည်း ဆက်လက် လေ့လာသင်ယူရမည့် ပတ်ဝန်းကျင်တစ်ခုဖြစ် ကြောင်း၊ ဘဝတွင် လေ့လာသင်ယူမှုဆိုသည်မှာ မည်သည့်အခါမှ ပြီးဆုံးသွားသည်မဟုတ်သည့် အတွက် **"Lifelong Learning"** ဆိုသည့်အတိုင်း အသက်ထက်ဆုံး စဉ်ဆက်မပြတ် လေ့လာသင်ယူ သွားကြရန်တိုက်တွန်းလိုကြောင်း။

ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးသည် အစိုးရတစ်ရပ်တည်း၏ တာဝန် မဟုတ်ဘဲ ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ သက်ဆိုင်ရာဌာနများနှင့် လူမှုအဖွဲ့အစည်းအားလုံး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည့် အမျိုးသား ရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးအပေါ်တွင် တန်ဖိုးထား၊ ဆရာ့ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး မိမိတို့၏ လုပ်ငန်း တာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ကျေပွန် အောင် ထမ်းဆောင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။ **"ဆရာကောင်းမှ တပည့်ကောင်းမည်၊ တပည့်ကောင်းမှ လူ့အဖွဲ့အစည်းကောင်းမည်၊ လူ့အဖွဲ့အစည်းကောင်းမှ အနာဂတ်ကောင်းကို တည်ဆောက်နိုင်မည်"**ဆိုသည့် ယုံကြည်ချက်ဖြင့် မိမိတို့အားလုံး ပညာရေးတာဝန်ကို ဂုဏ်ယူစွာ၊ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်

ထို့နောက် နိုင်ငံတော်သမ္မတထံ ကျောင်းသား ကျောင်းသူနှစ်ဦးက ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်း ဆင်း အထိမ်းအမှတ်လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ သည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တက်ရောက်လာကြ သည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting- 27th ACAMM)သို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ် မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်း အဝေး (27th ASEAN Chiefs of Army Multilateral Meeting– 27th ACAMM)နှင့် (၁၄)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့် အရာခံဗိုလ်များ နှစ်ပတ်လည် အစည်းအဝေး (14th ASEAN Sergeant Majors Annual Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Double Tree Hotel ၌ ကျင်းပပြုလုပ်သည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အာဆီယံ ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting– 27th ACAMM) အား ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ် ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ် အဖွဲ့များ ပါဝင်တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးတွင် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တန် စရီ အက်ဓ်ဟန် ဘင် ဟာဂျီ မိဟာမက် အိုသမန်က အဖွင့်မိန့်ခွန်း ပြောကြားပြီး (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များ အစည်းအဝေးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာကြ သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီး ချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက



ယခုနှစ်အတွက် အစည်းအဝေးခေါင်းစဉ်ဖြစ်သည့် **"တည်ငြိမ်ပြီး လုံခြုံသောဒေသတစ်ခုဖြစ်လာစေရေး အာဆီယံကြည်းတပ်များအကြား အသင့်ရှိမှုကို စုပေါင်းမြှင့်တင်ကြပါစို့ (Fostering Collective Preparedness Among ASEAN Land Forces for a Stable and Secure Region"** အပေါ် နိုင်ငံအကျွမ်းရာ စဉ်အလိုက် အလှည့်ကျ အမြင်ချင်းဖလှယ် ဆွေးနွေး ကြသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များအစည်းအဝေး (27th ACAMM)၏ ပူးတွဲ ထုတ်ပြန်ချက်အား အခမ်းအနားမှူးက ကြေညာပြီး တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ မှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ၂၀၂၇ ခုနှစ်တွင်ကျင်းပမည့် (၂၈) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး(28th ACAMM)၏ အလှည့်ကျဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယား တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်အား တာဝန်လွှဲပြောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ် ကြီး ကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီး ချုပ် ဗိုလ်ချုပ်ကြီး တန် စရီ အက်ဓ်ဟန် ဘင် ဟာဂျီ မိဟာမက် အိုသမန်၊ ဘရူနိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် အယ်လီဒီ ဘင် ဟာဂျီ ဟတ်ဆန် **(အပေါ်ပုံ)**၊ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဗိုလ်မှူးချုပ် ထောင်းဆာမိုင်းဆွတ်ပဆစ်၊ ဗီယက်နမ်ပြည်သူ့ တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဌိယန်ဘာလွတ်နှင့် ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မော်ဆို ဖန်းတို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ် ကြီး ကျော်စွာလင်းနှင့်ဇနီးတို့သည် မလေးရှား တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပါဝင် တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း)သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်း များ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရစုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

သဒ္ဓါတရား၊ ကုသိုလ်တရားနှင့် ပွဲတော်အလှူတရားတို့ ဆုံစည်းရာ မာရဝိဇယတန်ဆောင်တိုင် ....

ဝေဖြိုးအောင်

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် ရာသီဥတု သာယာကြည်နူးဖွယ်ကောင်းပြီး တိမ်ကင်းစင်ကာ လသာသောညချမ်းများကို ပိုင်ဆိုင်ထားသည့် လတစ်လဖြစ်ပါသည်။ ဆောင်းဦးပေါက်ရာသီ၏ အေးမြသောလေပြည်များနှင့်အတူ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ သဒ္ဓါတရားထက်သန်မှုများသည် တန်ဆောင်တိုင်ပွဲတော်ကာလတွင် အမြင့်ဆုံးသို့ ရောက်ရှိလေ့ရှိပါသည်။



နေပြည်တော်တွင် တည်ထားကိုးကွယ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး။

ယခုနှစ် တန်ဆောင်တိုင်ကာလတွင် နေပြည်တော် ဒကွိဏသိရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျင်းပမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်သည် နိုင်ငံတစ်ဝန်းမှ ဘုရားဖူးပြည်သူများ၏စိတ်ဝင်စားမှုကို အထူးရရှိနေပါသည်။ ဤပွဲတော်သည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ သာသနာတော်ကို ကြည်ညိုပူဇော်ခြင်းနှင့် ခေတ်မီမြို့ပြ၏အလှအပများကို တစ်ပေါင်းတည်း ခံစားရရှိနိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ မာရဝိဇယတန်ဆောင်တိုင်ပွဲတော်သည် ကုသိုလ်တရားများပွားများရာ၊ စိတ်အေးချမ်းမှုရှာဖွေရာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု၏အလှတရားများ စုစည်းရာ ဗဟိုချက်မ နေရာတစ်ခု ဖြစ်လာပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သမိုင်းဝင်တည်ထားကိုးကွယ်မှု

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးနှင့် အကြီးမားဆုံးသော ရုပ်ပွားတော်မြတ်ကြီးဖြစ်ပါသည်။ ရုပ်ပွားတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၆၃ ပေရှိပြီး ပလ္လင်တော်အမြင့်မှာ ၁၈ ပေရှိသဖြင့် စုစုပေါင်း ဉာဏ်တော်အမြင့်မှာ ၈၁ ပေရှိပါသည်။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်က မာရ်နတ်ကို အောင်မြင်တော်မူသည့် ဘုမိဗဿမုခြာဟန်ဖြင့် တည်ထားကိုးကွယ်ထားခြင်းဖြစ်ပါသည်။

မာရဝိဇယဆိုသည်မှာ မာရ်နတ်မင်း၏ အနှောင့်အယှက်ရန်စွယ်အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသောမြတ်စွာဘုရားဟု အဓိပ္ပာယ်ရပေသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်၍ နေပြည်တော်၏ အချက်အချာကျသောနေရာတွင် ခမ်းနားထည်ဝါစွာ တည်ထားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ယနေ့ခေတ် မြန်မာနိုင်ငံ၏သာသနာရေးဆိုင်ရာ အရေးပါဆုံးသော အထင်ကရနေရာတစ်ခု ဖြစ်လာခဲ့ပြီး တန်ဆောင်တိုင်ကဲ့သို့သော နေ့ထူးနေ့မြတ်များတွင် ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ရန် အသင့်တော်ဆုံးသော ကျက်သရေဆောင် ဖြစ်လာခဲ့ပါသည်။ မြန်မာတို့၏ဘာသာရေးယုံကြည်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ယူဖွယ်ရာပြယုဂ်တစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက်ရှိပါသည်။

စကျင်ကျောက်တော်ကြီးများမှသည် ကမ္ဘာ့အကြီးဆုံးဆင်းတုတော်ဆီသို့

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်မှထွက်ရှိသော ဇရာမ စကျင်ကျောက်တော်ကြီးများကို အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ ဤမျှကြီးမားလေးလံသော ကျောက်တော်ကြီးများကို စကျင်တောင်မှ နေပြည်တော်သို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်သည် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ရမည့် စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပါသည်။

ကုန်းလမ်း၊ ရေလမ်း စသည့် ခက်ခဲသောခရီးစဉ်များကို ဖြတ်သန်းကာ မြစ်ကြောင်းတစ်လျှောက် အထူးစီမံထားသော ရေယာဉ်များဖြင့် သယ်ယူခဲ့ရပြီး နေပြည်တော်သို့ ရောက်ရှိချိန်တွင်လည်း အဆင့်မြင့် စက်ယန္တရားကြီးများကို အသုံးပြု၍ ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခဲ့ရပါသည်။ ဤလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဘုရားဒါယကာအကြီးအကဲများ၊ ပညာရှင်များနှင့် စေတနာရှင်ပြည်သူများ၏ကြိုးပမ်းအားထုတ်မှု၊ သဒ္ဓါတရားထက်သန်မှုတို့သည် အလွန်ပင် ချီးကျူးဂုဏ်ပြုဖွယ်ကောင်းလှပါသည်။

ကျောက်ဆစ်ပညာရှင်များ၏ လက်ရာမြောက်လှသော ထုဆစ်မှုများကြောင့် ယနေ့အချိန်တွင် ကမ္ဘာ့အံ့မခန်း ဗိသုကာနှင့် သာသနိုက အဆောက်အအုံအဖြစ် ထွက်ပေါ်လာခဲ့ပြီဖြစ်ပါသည်။ ဤသည်မှာ ရုပ်ဝတ္ထုပစ္စည်းသက်သက် မဟုတ်ဘဲ မြန်မာလူမျိုးတို့၏ ဘာသာတရားအပေါ် ထားရှိသော မယိမ်းယိုင်သည့်ယုံကြည်မှုနှင့် သဒ္ဓါတရား၏ ပြယုဂ်ပင်ဖြစ်ပါသည်။

ဗိသုကာလက်ရာနှင့် ပိဋကသုံးပုံ ကျောက်စာရုံစေတီများ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ဝန်းကျင်တွင် အုံဖွယ်ကောင်းသော ကျောက်စာရုံစေတီတော်များ၊ မာရဝိဇယကျောင်းတော်၊ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါမိဝတီခေါင်းလောင်းတော်ကြီး၊ သုဓမ္မာဇရပ်များ၊ သံဃာနာနေဆောင်၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရား၊ မဟာရံတံတိုင်း၊ မော်ကွန်းတိုက်၊ အဝင်မုခ်ဦး၊ ဂေါပကရုံးနှင့် ရွှေလျားစက်လှေကား စသည်တို့ကို ခိုင်ခံ့စုံလင် လှပစွာတည်ဆောက်ထားပြီး မီးအလှများတပ်ဆင်ထားသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရမည်ဖြစ်သည်။

ယူနက်စကိုစာရင်းဝင်ခဲ့သည့် ကမ္ဘာ့အကြီးဆုံးစာအုပ်ဟု တင်စားခေါ်ခဲ့ကြသော မင်းတုန်းမင်း၏ ကောင်းမှု ပဥ္စမသင်္ဂါယနာတင် မန္တလေးမဟာလောကမာရဓိန် ကုသိုလ်တော်ဘုရားတွင် ကျောက်စာရုံစေတီနှင့် ကျောက်စာချပ်ပေါင်း ၇၂၉ ချပ်ကို စိုက်ထူပူဇော်ထားပါသည်။ ယခု မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရှေ့တည့်တည့်တွင် အဆိုပါပုံစံပိဋကတ်ကျောက်ချပ်ရေ ၁၄၄၀ နှင့် ပင်မကျောက်စာလေးချပ် စုစုပေါင်း ကျောက်စာ ၁၄၄၄ ချပ်ကို ဆောက်လုပ်ပူဇော်ထားရှိပါသည်။ အလယ်ဗဟိုကျောက်စာရုံစေတီသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေရှိပြီး အခြားကျောက်စာရုံစေတီများမှာ အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေရှိကာ ဆဋ္ဌမသင်္ဂါယနာမူဖြစ်သည့် ပိဋကတ်တော်လာကျမ်းစာများကို ပါဠိအက္ခရာနှင့် ရိုမန်ဘာသာတို့ဖြင့် ရေးသားပူဇော်ထားပါသည်။

အဆိုပါကျမ်းစာများကို ဆရာတော်ကြီးများက စနစ်တကျပြုစုရေးမှတ်ကြပြီး CNC စက်ကြီးများဖြင့် ခေတ်မီစွာ ထိုးထွင်းရေးသားထားခြင်းဖြစ်ပါသည်။ ဤခမ်းနားလှသော ဗိသုကာလက်ရာများသည် တန်ဆောင်တိုင်ပွဲတော်ညများတွင် ရောင်စုံမီးများ၏ အလင်းရောင်အောက်တွင် ပိုမိုရှု သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူနေမည်ဖြစ်ပါသည်။

တန်ဆောင်တိုင်ပွဲတော်၏အနှစ်သာရနှင့် ကြွတ္တိကာနကုန်တ်သဘင်

မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်သည် ကြွတ္တိကာနကုန်တ် ထွန်းလင်းတောက်ပသော တန်ဆောင်ပုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိပါသည်။ တန်ဆောင်ပုန်းလပြည့်နေ့သည် တာဝတိသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်မြတ်ကြီးအား ရည်မှန်း၍ ဆီမီးများ၊ မီးပုံးပျံများဖြင့် ပူဇော်ကြသည့် ကြွတ္တိကာနကုန်တ်သဘင်ပွဲတော်ဖြစ်ပါသည်။

ရှေးမြန်မာမင်းများ လက်ထက်ကတည်းကပင် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ကျင်းပခဲ့ကြပြီး ရဟန်းသံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကိုလည်း ဤလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ ဤကာလသည် ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရား အထက်သန်ဆုံးအချိန်ဖြစ်ပြီး မိမိတို့တတ်နိုင်သမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို ပွားများအားထုတ်ကြသည့် မင်္ဂလာရှိသော အချိန်အခါလည်းဖြစ်ပါသည်။

တန်ဆောင်ပုန်းလပြည့်ညသည် **'ဆေးပေါင်းခသည့်ည'**ဟု မြန်မာတို့အစဉ်အလာ ယုံကြည်လက်ခံထားကြရာ ထိုညချမ်းတွင် မဲလီဖူးသုပ်ကို ဆေးဝါးဓာတ်စာအဖြစ် မိသားစုများ၊ မိတ်ဆွေများနှင့်အတူ ဝေမျှစားသုံးကြသည့် ကြည်နူးဖွယ်ရိုးရာလေ့တစ်ခုလည်းရှိပါသည်။ ထို့ကြောင့် တန်ဆောင်တိုင်ပွဲတော်သည် ရိုးရာယဉ်ကျေးမှု၊ ဘာသာရေးယုံကြည်မှုနှင့် ပျော်ရွှင်မှုတို့ ပေါင်းစည်းနေသော ထူးခြားသည့်ပွဲတော်ကြီးတစ်ခုဖြစ်ပြီး မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းရမည့် အမွေအနှစ်တစ်ခုလည်းဖြစ်ပါသည်။

မာရဝိဇယ တန်ဆောင်တိုင် မီးထွန်းပွဲတော်၏ ခမ်းနားမှု

ယခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို အလွန်ခမ်းနားကြီးကျယ်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်များအတွင်း ဘုရားပရိဝုဏ်တစ်ခုလုံးကို ရောင်စုံမီးများ၊ ဆီမီးခွက်ထောင်ပေါင်းများစွာဖြင့် လှပစွာ ထွန်းညှိပူဇော်သွားမည်ဖြစ်ရာ ညအချိန်တွင် အလွန်ပင် ကြည်နူးဖွယ်ရာမြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ရောင်စုံမီးများဖြင့် လှပစွာမွမ်းမံထားသော မာရဝိဇယရင်ပြင်တော်သည် ဘုရားဖူးလာမီသားစုများအတွက် စိတ်ကြည်နူးဖွယ်ရာပတ်ဝန်းကျင်ကို ဖန်တီးပေးပါသည်။ ထို့ပြင် စျေးတန်းများနှင့် ရိုးရာဖျော်ဖြေရေးအစီအစဉ်များကလည်း ပွဲတော်ကို ပိုမိုစည်ကားသိုက်မြိုက်စေမည်ဖြစ်ပါသည်။ ဤသို့ခမ်းနားစွာကျင်းပခြင်းသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစွမ်းပကားကို ဖော်ထုတ်ပြသခြင်းဖြစ်ပြီး ပြည်သူများအတွက် စိတ်အပန်းပြေစေမည့် အကောင်းဆုံးသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်းလည်းဖြစ်ပါသည်။ ခေတ်မီ မီးအလင်းရောင်အလှအပများနှင့် ရှေးရိုးရာဓလေ့တို့၏ပေါင်းစပ်မှုက မာရဝိဇယတန်ဆောင်တိုင်ကို ပိုမိုထူးခြားစေပါသည်။

စာမျက်နှာ ၇ သို့

“ မာရဝိဇယတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသော ပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာပျော်ရွှင်မှုအတွက်သာမက စိတ်ပိုင်းဆိုင်ရာအေးချမ်းမှုနှင့် ကုသိုလ်တရားများကိုပါ ရှာဖွေကြခြင်းဖြစ်ပါသည်။ စေတီပုထိုးများကို ဖူးမြော်ခြင်း၊ ဆီမီးထွန်းညှိခြင်း၊ လှူဒါန်းပေးကမ်းခြင်း(ဒါန)တို့သည် ဗုဒ္ဓဘာသာဝင်တို့၏ မရှိမဖြစ်လိုအပ်သော သဒ္ဓါတရားများဖြစ်ပါသည်။ ကျယ်ဝန်းလှသော ဘုရားပရိဝုဏ်အတွင်း ညချမ်းအချိန် လမ်းလျှောက်ဖူးမြော်ရင်း သန့်ရှင်းသောလေကို ရှူရှိုက်ခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ကောင်းမွန်စေရုံသာမက စိတ်ဖိစီးမှုများကို လျော့ချပေးနိုင်ပါသည်။ ဘုရားဖူးပြည်သူများ၏ မျက်နှာပေါ်ရှိ ကြည်လင်သောအပြုံးများ၊ မေတ္တာထား၍ အချင်းချင်းကူညီဖေးမမှုများသည် မာရဝိဇယရင်ပြင်တော်ထက်တွင် သဒ္ဓါတရားနှင့် ကုသိုလ်တရားတို့ မည်မျှအထိ ကြီးမားစွာဆုံစည်းနေကြောင်းကို သက်သေပြနေပါသည်။ ဤသည်မှာ ရုပ်ဝတ္ထုပစ္စည်းများဖြင့် တိုင်းတာ၍မရသော တန်ဖိုးမဖြတ်နိုင်သည့် စိတ်ပိုင်းဆိုင်ရာချမ်းသာမှုပင်ဖြစ် ”

စာမျက်နှာ ၆ မှ

စူဋ္ဌာမဏိစေတီတော်အား ရည်မှန်းပူဇော်သည့် ရိုးရာမီးပုံးပျံပွဲတော်

မာရဝိဇယတန်ဆောင်တိုင်ပွဲတော်၏ အထူးခြားဆုံးနှင့် လူအများစိတ်ဝင်စားမှု အခံရဆုံးသော အစီအစဉ်မှာ မြန်မာ့ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပင်ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ညတွင် တာဝတိ်သာနတ်ပြည်ရှိ စူဋ္ဌာမဏိစေတီတော်မြတ်ကြီးအား ရည်မှန်း၍ ရိုးရာမီးပုံးပျံကြီးများကို ကောင်းကင်ယံသို့ လွှတ်တင်ပူဇော်သည့် အစဉ်အလာသည် မြန်မာတို့၏ ဘာသာရေးယုံကြည်မှုနှင့် အနုပညာစွမ်းပကားကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ မီးပုံးပျံများကို "စိန်နားပန်မီးပုံးပျံ"နှင့် "ညမီးကြိုးမီးပုံးပျံ"ဟူ၍ အဓိကအမျိုးအစားခွဲခြား လွှတ်တင်လေ့ရှိပါသည်။ စိန်နားပန်မီးပုံးပျံများတွင် ဆီမီးခွက်ငယ်လေးများ သို့မဟုတ် ရောင်စုံမီးလုံးငယ်လေးများတပ်ဆင်ကာ ဗုဒ္ဓဝင်ရုပ်ပုံများ၊ ကနက်ပန်းအလှများဖြင့် ရေးဆွဲဖန်တီးထားပြီး ကောင်းကင်ယံတွင် ကြယ်တာရာများအလား လှပစွာ တောက်ပနေတတ်ပါသည်။ ညမီးကြိုးမီးပုံးပျံများမှာမူ ကောင်းကင်ယံသို့ရောက်ရှိချိန်တွင် မီးရူးမီးပန်းများ အဆင့်ဆင့်ပစ်ဖောက်ကာ မြင်ကွင်းကို အံ့မခန်း ကြည်နူးဖွယ်ရာဖြစ်စေပါသည်။

ဤမီးပုံးပျံကြီးများ ဖန်တီးရန်အတွက် ပညာရှင်များနှင့် ဒေသခံပြည်သူများသည် လန့်ခဲ့ချို့ စုပေါင်းအားဖြင့် ကြိုးပမ်းရက်လုပ်ကြရပါသည်။ ထို့ကြောင့် မီးပုံးပျံပွဲတော်သည် အလှအပသက်သက် သာမဟုတ်ဘဲ မြန်မာလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ စုပေါင်းလုပ်ဆောင်တတ်မှုနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမှုတို့ကိုပါ ပေါ်လွင်စေပါသည်။ မာရဝိဇယရင်ပြင်တော်မှ လွှတ်တင်လိုက်သော မီးပုံးပျံကြီးများသည် နေပြည်တော်၏ ညကောင်းကင်ယံတွင် သဒ္ဓါတရား၏ပြယုဂ်အဖြစ် လင်းလက်တောက်ပနေမည်ဖြစ်ပါသည်။

နိုင်ငံ၏ အချက်အချာလုံခြုံအေးချမ်းသော နေပြည်တော်မြို့တော်

နေပြည်တော်သည် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အလယ်ဗဟိုအချက်အချာကျသောနေရာတွင် တည်ရှိသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူများ အလွယ်တကူ လာရောက်နိုင်သောမြို့တော်ဖြစ်ပါသည်။ ယခုအခါတွင် ရထား၊ ကား၊ လေကြောင်း ခရီးစဉ်များ စသည်ဖြင့် နိုင်ငံ၏မည်သည့်ဒေသမှမဆို လုံခြုံစိတ်ချစွာ လာရောက်နိုင်ပြီဖြစ်ရာ ခရီးသွားလာရေးမှာ များစွာပိုမိုအဆင်ပြေ ချောမွေ့လျက်ရှိပါသည်။ ထို့ပြင် နေပြည်တော်သည် နိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်နှင့်အညီ မြို့ပြလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထူးဂရုပြုဆောင်ရွက်ထားရှိသဖြင့် အလွန်လုံခြုံအေးချမ်းသော မြို့တစ်မြို့အဖြစ် ရပ်တည်လျက်ရှိပါသည်။ နေ့ဘက်တွင်သာမက ညဘက် ပွဲတော်လာရောက် လည်ပတ်သူများအနေဖြင့်လည်း စိတ်အေးချမ်းသာစွာ၊ လုံခြုံစိတ်ချစွာဖြင့် သွားလာလည်ပတ်နိုင်ကြပြီး နိုင်ငံတော်၏ အချက်အချာ အေးချမ်းသာယာသည့် အရသာကို အပြည့်အဝခံစားနိုင်မည် ဖြစ်ပါသည်။

စိမ်းလန်းသန့်ရှင်းပြီး ခေတ်မီသောမြို့ပြအလှနှင့် လည်ပတ်စရာများ

နေပြည်တော်ကို "အစိမ်းရောင်မြို့တော် (Green City)၊ သန့်ရှင်းသောမြို့တော် (Clean City) နှင့် စမတ်မြို့တော် (Smart City)"ဟူသော ခေတ်မီမြို့ပြမျှော်မှန်းချက်များဖြင့် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျယ်ဝန်းသောလမ်းမကြီးများ၊ စနစ်ကျသော မြေအသုံးချမှုများနှင့်အတူ မြို့ပြစိမ်းလန်းရေးစီမံကိန်းများအရ စိုက်ပျိုးထားသောအရိပ်ရပင်များ၊ အလှပန်းပင်များက မြို့တော်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟန်ချက်ညီမှုကို ပိုမိုကောင်းမွန်စေပါသည်။ ဤသို့သော မြို့ပြဖွဲ့စည်းတည်ဆောက်ပုံသည် လူထောင်ပေါင်းများစွာလာရောက်မည့် မာရဝိဇယတန်ဆောင်တိုင်ပွဲတော်ကြီးအတွက် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်ကို ဖန်တီးပေးထားပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသော ဘုရားဖူးပြည်သူများအနေဖြင့် ပွဲတော်အပြင် အခြားသော အထင်ကရနေရာများသို့လည်း သွားရောက် လေ့လာနိုင်ပါသည်။ ဥပုဂ်ါတသန္တိစေတီတော်မြတ်ကြီး၊ နေပြည်တော် ရေပန်းဦးပျဉ်၌၊ အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် အစရှိသည့် လည်ပတ်စရာနေရာများစွာ ရှိနေခြင်းကလည်း နေပြည်တော်ခရီးစဉ်ကို ပိုမို ပြည့်စုံစေပါသည်။ လာရောက်လည်ပတ်ကြသူများ သက်သောင့်သက်သာ တည်ခိုနားနေနိုင်ရန်အတွက်လည်း နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများနှင့် တည်းခိုခန်းများစွာကို ပြည့်စုံစွာဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မြို့တော်၏ စားသောက်ဖွယ်ရာများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု

ပြည်ထောင်စုနယ်မြေ မြို့တော်ဖြစ်သည်နှင့်အညီ နေပြည်တော်တွင် ဒေသအစားအစာများ သာမကဘဲ မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသားရိုးရာ အစားအစာများနှင့် ဒေသခံအစားအစာ အမျိုးမျိုးကို တစ်နေရာတည်းတွင် မြည်းစမ်းနိုင်ပါသည်။ အဆင့်မီစားသောက်ဆိုင်ကြီးများမှသည် ရိုးရာအစားအစာတန်းများအထိ စုံလင်စွာရရှိနိုင်သဖြင့် ဘုရားဖူးပွဲသည်များအတွက် စားသောက်ရေး အထူးအဆင်ပြေလှပါသည်။ ဤသို့သော ပွဲတော်များမှတစ်ဆင့် နိုင်ငံခြားပွဲစားလေးနှင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်စေရုံသာမက နေပြည်တော်ကို မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သာသနာရေးဆိုင်ရာ ခရီးသွားဗဟိုချက်အဖြစ်ပါ နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့်အခွင့်အလမ်းကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

သဒ္ဓါတရား၊ ကုသိုလ်တရားနှင့် ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာအေးချမ်းမှု

မာရဝိဇယတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသော ပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာပျော်ရွှင်မှုအတွက်သာမက စိတ်ပိုင်းဆိုင်ရာအေးချမ်းမှုနှင့် ကုသိုလ်တရားများကိုပါ ရှာဖွေကြခြင်းဖြစ်ပါသည်။ စေတီပုထိုးများကို ဖူးမြော်ခြင်း၊ ဆီမီးထွန်းညှိခြင်း၊ လှူဒါန်းပေးကမ်းခြင်း(ဒါန)တို့သည် ဗုဒ္ဓဘာသာဝင်တို့၏ မရှိမဖြစ်လိုအပ်သော သဒ္ဓါတရားများဖြစ်ပါသည်။ ကျယ်ဝန်းလှသော ဘုရားပရိဝုဏ်အတွင်း ညချမ်းအချိန် လမ်းလျှောက်ဖူးမြော်ရင်း သန့်ရှင်းသောလေကိုရှူရှိုက်ခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ကောင်းမွန်စေရုံသာမက စိတ်ဖိစီးမှုများကိုလျော့ချပေးနိုင်ပါသည်။ ဘုရားဖူးပြည်သူများ၏ မျက်နှာပေါ်၌ ကြည်လင်သောအပြုံးများ၊ မေတ္တာထား၍ အချင်းချင်းကူညီဖေးမမှုများသည် မာရဝိဇယရင်ပြင်တော်ထက်တွင် သဒ္ဓါတရားနှင့် ကုသိုလ်တရားတို့မည်မျှအထိကြီးမားစွာဆုံစည်းနေကြောင်းကို သက်သေပြနေပါသည်။ ဤသည်မှာ ရုပ်ဝတ္ထုပစ္စည်းများဖြင့် တိုင်းတာ၍မရသော တန်ဖိုးမဖြတ်နိုင်သည့် စိတ်ပိုင်းဆိုင်ရာချမ်းသာမှုပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မာရဝိဇယတန်ဆောင်တိုင်ပွဲတော်သည် သဒ္ဓါတရား၊ ကုသိုလ်တရားနှင့် မြန်မာ့ရိုးရာပွဲတော်အလှတရားတို့ အချိုးကျစွာ ဆုံစည်းရာ မင်္ဂလာအခါသမယကြီးပင်ဖြစ်ပါသည်။ နေပြည်တော်၏ ကြီးကျယ်ခမ်းနားသော မြို့ပြဂေဟစနစ်၊ လုံခြုံစိတ်ချရမှု၊ လွယ်ကူချောမွေ့သော သယ်ယူပို့ဆောင်ရေးနှင့် အံ့မခန်း ရိုးရာမီးပုံးပျံလွှတ်တင်မှုများနှင့်အတူ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ကုသိုလ်ယူဖူးမြော်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယခုနှစ် တန်ဆောင်မုန်းလပြည့် အခါသမယတွင် ကုသိုလ်ရေး၊ ယဉ်ကျေးမှုနှင့် စိတ်အပန်းဖြေရေးတို့အတွက် အကောင်းဆုံးခရီးစဉ် တစ်ခုဖြစ်သည့် နေပြည်တော် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် သို့မိသားစု၊ မိတ်ဆွေသင်္ဂဟများနှင့်အတူ လာရောက် ဆင်နွှဲကြပါရန် နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။ ။



မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ယမန်နှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပစဉ်။

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ဆရာ ဆရာမများ အမျိုးသားပြတိုက်(နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၇

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ဆရာ ဆရာမများသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက် (နေပြည်တော်)၊ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးသို့ သွားရောက်လေ့လာ ဖူးမြော်ကြသည်။



ဦးစွာ ဆရာ ဆရာမများသည် အမျိုးသားပြတိုက် (နေပြည်တော်) ၌ ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ကျောက်ခေတ်သစ် ယဉ်ကျေးမှု၊ အညာသား ယဉ်ကျေးမှုထွန်းကားရာ ဒေသများ၊ နံရံဆေးရေးပန်းချီများ၊ မြန်မာ့တူရိယာများ သမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက်ရှဉ်သေးများ၊ တိုင်းရင်းသားရိုးရာ တူရိယာများ၊ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) ၌ ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် ပြင်ပတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်သင်္ဘောများ၊ လေယာဉ်များ၊ စစ်လက်နက် ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ညနေပိုင်းတွင် ဆရာ ဆရာမများသည် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကာ ဗုဒ္ဓဥယျာဉ် အတွင်းရှိ ကျောက်စာရုံ စေတီတော်များနှင့် သာသနိက အဆောက်အအုံများကို ဖူးမြော် လေ့လာ ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၇

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်နှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဧလ

❖ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ❖ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ၂၀၂၆ ခုနှစ် ကချင်ရိုးရာ ကောက်သစ်စား(အင်လုံအင်နှန်ရှား)ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မြစ်ကြီးနား၊ နိဝင်ဘာ ၁၇

ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ထင်ရှားသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ် ဆန်စပါးနှင့် ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည့် ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော်ကို ယခုနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်တို့ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်းရှိ မဂျယ်ခန်းမ၌ ဌာနေတိုင်းရင်းသားလူမျိုးပေါင်းစုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ကချင်ရိုးရာ ကောက်သစ်စားပွဲတော်မှခံဦးကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖေဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဘြည့်၊ နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် ဒေါ်ခြဲဘူ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြန်မာနိုင်ငံကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နှန်ရှား)ပွဲတော် ကျေးဇူးတော်ချီးမွမ်းပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ပွဲတော်သည် ကချင်လူမျိုးများ၏ ဘိုးဘေးစဉ်ဆက်လက်ထက်ကတည်းက ကျင်းပကြသည့် ရိုးရာပွဲတော်များအနက် ထင်ရှားသည့် အင်လုံအင်နှန်ရှားပွဲ (ခေါ်) ရိုးရာကောက်သစ်စားပွဲဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုကဲ့သို့ မိမိတို့၏ ရိုးရာပွဲတော်ကို ဌာနေတိုင်းရင်းသားများအားလုံးနှင့် အတူတကွ ချစ်ခင်စည်းလုံးစွာ ပါဝင်တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ အားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာဘြည့်က ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်ကို အထူတကွ ပါဝင်ဆင်နွှဲခွင့် ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကောက်သစ်စားပွဲတော်၏ အနှစ်သာရဖြစ်သည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဘိုးဘေးများ၏ ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဆန်ကရေစပါး ပေါကြွယ်ဝခြင်းကို ဖော်ဆောင်ပြီး တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်သာမက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ကို ယခုထက်ပိုမို တိုးတက်မြင့်မားလာပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးဇူးတော်ချီးမွမ်းဝတ်ပြုခြင်း အစီအစဉ်ကို ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဓမ္မဆရာများ၊ သိက္ခာတော်ရဆရာများက ဦးဆောင်၍ အဖွင့်ကျမ်းစာ ဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် တိုင်းရင်းသား တိုင်းရင်းသူလေးများ၏ ကောက်ပဲသီးနှံ တေးကဗျာ ရွတ်ဆိုချီးမွမ်းခြင်း၊ ဓမ္မဒေသနာတော်ဟောပြောခြင်း၊ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထူး ဆုတောင်းဆက်ကပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ရိုးရာကောက်ဦးပလိုင်းလက်ဆောင်များကို အခမ်းအနားတက်ရောက်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များထံ ပေးအပ်ကြပြီး ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် ကောင်းချီးတောင်းခံ ဆုတောင်း ဆက်ကပ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက တစ်နှစ်တာအတွင်း အဦးအဖျားရရှိသော ကောက်သစ်(ဆန်)ဖြင့် ချက်ပြုတ်ထားသော နေ့လယ်စာကို အတူတကွ ရင်းနှီးနွေးထွေးစွာ သုံးဆောင်ကြပြီး တိုင်းရင်းသား ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မနောတိုင်ရှေ့ မနောရင်ပြင်၌ ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတွင် အထင်ကရနှင့် အကျော်ကြားဆုံးဖြစ်သည့်အပြင် ကချင်တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုနှင့် ယဉ်ကျေးမှုအလှကို ဖော်ထုတ်ပြသသည့် "ထောင်ကာ" အကကို ရိုးရာတေးဂီတအဖွဲ့နှင့်အတူ ဝိုင်းဖွဲ့၍ ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲကြသည်။ (၀၀)

ဆက်လက်၍ မြစ်ကြီးနားမြို့ စီတာပူ(စက်မှု)ရုပ်ကွက်အတွင်း ကချင်ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၏ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်ရောင်းဝယ်ရေးစင်တာသို့ သွားရောက်၍ အချောထည်ရောင်းဝယ်ရေးစင်တာ၌ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပယင်းများကို အချောထည်ပြုလုပ်၍ ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့်အခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကြပြီး ဈေးကွက်ရရှိမှုအခြေအနေများ မေးမြန်းဆွေးနွေးကာ အချောထည်ပြုလုပ် ရောင်းချနိုင်ခြင်းအပြင် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဒီဇိုင်းသစ်များ ထုဆစ်ရောင်းချခြင်းဖြင့် ဈေးကွက်ပိုမိုရရှိအောင် ကြိုးစားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနား ရွှေညောင်ပင်ရပ်ကွက်အတွင်း "ဂျိမ်းဖောသူ" တိုင်းရင်းသားရိုးရာရက်ကန်းလုပ်ငန်းသို့ သွားရောက်၍ ရက်ကန်းရုံအတွင်း ကချင်တိုင်းရင်းသားရိုးရာ အဆင်ဒီဇိုင်းများအား စက်ရက်ကန်း၊ လက်ရက်ကန်းစင်များဖြင့် ရက်လုပ် နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ်နှင့် ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည်ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၏အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကိုယ်စားလှယ်နှင့် ညွှန်ကြားရေးမှူး Ms. Delphine Schantz အား ယနေ့နှစ်လွှဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲလက်ခံတွေ့ဆုံသည်။


တွေ့ဆုံစဉ် မူးယစ်ဆေးဝါးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ UNODC ၏ နိုင်ငံတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ လုံးဝသည်းခံမှုမရှိသည့်မူဝါဒ (Zero-tolerance policy) ဖြင့် ပြတ်ပြတ်သားသား တားဆီးနှိမ်နင်းလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး အဆိုပါကဏ္ဍများတွင် UNODC နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေး ရှိသူများ တက်ရောက်ခဲ့ကြသော်လည်း ဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန် ကြောင်း သိရသည်။ သတင်းစဉ်

ရှေ့ဖုံးမှ

အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၅၀ ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။



ဆိုင်ကလုန်းမုန်တိုင်း "အက်ဇန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အက်ဇန်" သည် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့် ဖြစ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "အက်ဇန်"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိဝင်ဘာ ၁၉ ရက်တွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိဝင်ဘာ ၂၀ ရက်တွင် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရန်နမ်ကမ်းခြေတို့ကို နယ်လိုရီမြို့နှင့် တူနီမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "အက်ဇန်"၏အရှိန်ကြောင့် ယနေ့ မွန်းလွဲပိုင်းမှ နိဝင်ဘာ ၂၀ ရက်အတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပေးအပ်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစွမ်းဆောင်ရည်ဆုပေးအပ်ချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ်(၄၆)၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးဌာနမှူးများ၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးများ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် အခွန်အရပ်ရပ်ကောက်ခံရန် သတ်မှတ်လျာထားချက်များကို ကြိုးစားအားထုတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု တို့ဖြင့် ပြည့်မီကျော်လွန်စွာ ကောက်ခံနိုင်သည့်အပြင် လုပ်ငန်းတာဝန်များကို စွမ်းဆောင်ရည်ကို အသိအမှတ်ပြုခြင်းဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအား စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အခွန်အရပ်ရပ်လျာထားချက်များ ပြည့်မီကျော်လွန်စွာကောက်ခံရရှိရေး ညွှန်ကြားအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အခွန်ပေးဆောင်သင့် ပေးဆောင်ထိုက်သူများမကျန်ရှိစေရေး၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိလိုက်နာစေရေးအတွက် အခွန်နည်းပေးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခွန်စည်းကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဥပဒေပါပြဋ္ဌာန်းချက်များ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အခွန်ထမ်းများအနေဖြင့်လည်း အခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကောင်းမွန်သောဝန်ဆောင်မှုများကို အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ပေးရန်နှင့် အခွန်ကောက်ခံရာတွင် နည်းပညာကိုပိုမိုအသုံးပြု၍ အများပြည်သူရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများကို ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဖလမ်းမြို့ ငဆစ်ဟုရေအားလျှပ်စစ်စက်ရုံနှင့် တီးတိန်မြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဖလမ်း နိုဝင်ဘာ ၁၇

ဖလမ်းမြို့နယ် ဗဲးရဲတံတားအနီးရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ငဆစ်ဟုလျှပ်စစ်စက်ရုံ၊ ငဆစ်ဟုရိပ်သာပြန်လည်ပြုပြင်ခြင်းနှင့် ရေအားလျှပ်စစ်စက်ရုံ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုပြီး အရည်အသွေး ကောင်းမွန်ပြီး အချိန်မီပြီးစီးရေးနှင့် စက်ပစ္စည်းများ ထပ်မံပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဲးရဲတံတား တစ်လျှောက် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် နယ်မြေခံ တပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များအား လုံခြုံရေးဆိုင်ရာများကို မှာကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့ ခုတင်(၁၀၀) ဆုံ့ပြည်သူ့ဆေးရုံဝင်းအတွင်း တိုးချဲ့ဆောင်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများကို အားပေးစကားပြောကြား၍ ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တီးတိန်မြို့ ဗဟို ကျောင်းဝင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း KG စာသင်ဆောင်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းသားစားရိပ်သာ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု၊ သာသနာရေး ဦးစီးဌာန နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နှစ်ခန်းတွဲ တစ်ထပ် ဝန်ထမ်း အိမ်ရာ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု အခြေအနေကို လုပ်ပြလည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာလုပ်သားထု၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်း တည်ထောင်ဖွင့်လှစ်ထား

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာလုပ်သားထု၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်းကို တည်ထောင် ဖွင့်လှစ်ထားပြီး လုပ်သားဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း အလုပ်သမား ဝန်ကြီးဌာနမှ သိရသည်။

ဆိုလာတပ်ဆင်ခြင်းသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပပြီး သင်တန်းကို ဒီဇင်ဘာ ၁ ရက်အထိ သင်တန်းသား ၃၂ ဦးဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။



သင်တန်းဖွင့်ပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်က ဆိုလာစွမ်းအင်ဆိုင်ရာ နည်းပညာများ ပိုမိုကျယ်ပြန့်စွာနှင့် ထိရောက်စွာ အသုံးချနိုင်ရန်၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် ကျွမ်းကျင်လုပ်သားများ အမြောက်အမြား မွေးထုတ်ပေးရန်နှင့် ဆိုလာစနစ်များ ဒီဇိုင်းရေးဆွဲ၍ စနစ်တကျ တပ်ဆင်နိုင်ရေး၊ ရေရှည် ထိန်းသိမ်းပြုပြင်နိုင်ရေး တို့အတွက် ဆိုလာတပ်ဆင်ခြင်း သင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် HRD Korea အဖွဲ့နှင့်တွေ့ဆုံပြီး ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် အလုပ်သမား စေလွှတ်ရေး လုပ်ငန်းစဉ်များ၊ EPS စနစ်ဖြင့် စေလွှတ်သည့် အလုပ်သမားများ၏ မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်းကို တရားဝင်လမ်းကြောင်းမှတစ်ဆင့် ပြည်တွင်းရှိ မိသားစုများထံ တရားဝင်လွှဲပို့နိုင်ရေး အစီအစဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတော်၏မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ ဒုတိယဝန်ကြီးသည် NSSA ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား ၂၅၀၀ ကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း လျာထားဆောင်ရွက်မှုအပေါ် လျာထားချက် ပြည့်မီစေရေး အတွက် NSSA လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပညာရေးတစ်ပိုင်းတစ်စဖြင့် လုပ်ငန်းခွင်ရောက်ရှိ လုပ်ကိုင်နေသူများနှင့် အတန်းပညာ မပြည့်စုံသူများ အတွက်အသိပညာ၊ အတတ်ပညာများရရှိပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေး ဖိုရမ် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး တို့ကို တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြော်ထားသော ရေများ။ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

မြန်မာတို့၏ မြတ်နိုးဖွယ် တန်ဆောင်မုန်းလ

လွန်းပိုးအိမ်

တန်ဆောင်မုန်းလရာသီ ရောက်ရှိလာသည်နှင့်အမျှ မြန်မာပြည်အရပ်ရပ်တွင် "ဘုံကထိန် ဘုံကထိန်.....ဘုံကထိန်လှည့်လို့လာ" ဟူသော တေးသံသာလေးများ စတင် ထွက်ပေါ်လာတတ်ပါသည်။ ဤတေးသံသည်ကား ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နှစ်စဉ် နှစ်တိုင်း ကျင်းပမြဲဖြစ်သော မြတ်နိုးဖွယ် ကထိန်ပွဲတော်ကာလ ရောက်ရှိလာပြီဖြစ်ကြောင်း နှိုးဆော်လိုက်ခြင်းပင်တည်း။ ဆီမီးရောင်များ မှိန်ဖိုနှံကလေး လင်းလက်နေသည့် ဆောင်းဦးယံ ညချမ်းအချိန်များ၌ ပဲ့တင်ထပ်လာသော ကထိန်တေးသံများသည် မြန်မာတို့၏ စိတ်နှလုံးကို အေးချမ်းစေပြီး ဒါနသဒ္ဓါတရားများကို နိုးကြားတက်ကြွစေပါသည်။

သင်္ကန်းလှူဒါန်းခြင်းသည် အလွန်မြတ်သော အလှူဖြစ်သကဲ့သို့ ထိုအထဲတွင်မှ ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် ပိုမိုထူးခြား မွန်မြတ်လှပါသည်။ "ကထိန်"ဟူသော ဝေါဟာရသည် ပါဠိဘာသာ "ကထိန"မှ ဆင်းသက်လာပြီး မြမြမိုခိုင်ခဲ့ခြင်းဟု အဓိပ္ပာယ်ရပါသည်။ **"ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ ဆွမ်းမှာ ဝိဏ်၊ သင်္ကန်းမှာ ကထိန်"** ဟူသည့် ဆိုရိုးစကားအတိုင်း ကထိန်သင်္ကန်းအလှူသည် အမွန်မြတ်ဆုံးနှင့် အထွတ်အမြတ်ထားရသော အလှူဒါနတစ်ခု ဖြစ်ပါသည်။ ကထိန်အလှူသည် အချိန်ကာလအားဖြင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ ကာလအတွင်း၌သာ ပြုလုပ်ခွင့်ရှိသော ကာလဒါနဖြစ်သောကြောင့် လည်းကောင်း၊ ကျောင်းတိုက်တစ်ခုလျှင် တစ်နှစ်၌ တစ်ကြိမ်မျှသာ ခင်းပိုင်ခွင့်ရှိသောကြောင့် လည်းကောင်း အခြားသော အလှူများထက် ပိုမိုထူးခြားမြတ်နိုးဖွယ်ကောင်းလှပါသည်။

"ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ ဆွမ်းမှာ ဝိဏ်၊ သင်္ကန်းမှာ ကထိန်" ဟူသည့် ဆိုရိုးစကားအတိုင်း ကထိန်သင်္ကန်းအလှူသည် အမွန်မြတ်ဆုံးနှင့် အထွတ်အမြတ်ထားရသော အလှူဒါနတစ်ခု ဖြစ်ပါသည်။ ကထိန်အလှူသည် အချိန်ကာလအားဖြင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ ကာလအတွင်း၌သာ ပြုလုပ်ခွင့်ရှိသော ကာလဒါနဖြစ်သောကြောင့် လည်းကောင်း၊ ကျောင်းတိုက်တစ်ခုလျှင် တစ်နှစ်၌ တစ်ကြိမ်မျှသာ ခင်းပိုင်ခွင့်ရှိသောကြောင့် လည်းကောင်း အခြားသော အလှူများထက် ပိုမိုထူးခြားမြတ်နိုးဖွယ်ကောင်းလှပါသည်။

> **" မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလ၏ ကထိန်ပွဲတော်နှင့် အခြားပွဲများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန်မှာ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးဖြတ်မရအောင် ထိန်းသိမ်းရာရောက်ပေသည်။ မြန်မာ့ရိုးရာကထိန်ပွဲတော်များသည် ဒါနဉာဏ်ယှဉ်သော သဒ္ဓါတရားကို အခြေခံထားသကဲ့သို့ ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် သာသနာတော် တည်တံ့ပြန့်ပွားမှုကိုပါ အထောက်အကူပြုနေသဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တာဝန်ရှိပေသည် "**

လှူဒါန်းသူများအတွက် အနုဏ္ဍထိုက်တန်သည့် အကျိုးကျေးဇူးများစွာကို ရရှိစေ

ကထိန်သင်္ကန်းကို ခံယူခွင့်နှင့် ခင်းခွင့်ရှိသူများမှာ သီတင်းကျွတ်လ ပဝါရဏာပြုပြီး ဝါကျွတ်လာကြသည့် သံဃာတော်များသာ ဖြစ်ပေသည်။ ဝါကျိုး ဝါပြတ်ခြင်းမရှိဘဲ ဝါတွင်းကာလကို စည်းစနစ်ကျနစွာ စောင့်စည်းထိန်းသိမ်းခဲ့ကြသော ရဟန်းမြတ်များကိုသာ ရည်စူးရပါသည်။ ဝါတွင်း သုံးလပတ်လုံး သိက္ခာပုဒ်များကို မကျိုးမပျက်ရအောင် စောင့်ထိန်းတော်မူခဲ့ကြသည့် သံဃာတော်များ၏ သီလအင်အား၊ ဓမ္မအင်အားတို့သည် ထက်မြက်လျက်ရှိရာ ထိုသို့သော ရဟန်းသံဃာတော်များအား ရည်စူး၍ လှူဒါန်းရခြင်းကြောင့် လှူဒါန်းသူများအတွက်လည်း အနုဏ္ဍထိုက်တန်သည့်အကျိုးကျေးဇူးများစွာကို ရရှိစေပါသည်။

ကထိန်သင်္ကန်းသည် စေတနာသဒ္ဓါသက်သက်ဖြင့် လှူဒါန်းရသော သင်္ကန်းဖြစ်ပြီး သံဃာတော်များ အနေဖြင့် မိမိ၏ မိဘကိုပင် တောင်းဆိုခွင့်မရှိပေ။ အခြားဒါယကာ၊ ဒါယိကာမများကိုလည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တောင်းခံခွင့်မရှိဘဲ သဒ္ဓါတရားအလျောက် လှူဒါန်းရခြင်း ဖြစ်ပါသည်။ ကထိန်သင်္ကန်း၏ ထူးခြားချက်မှာ လှူဒါန်းသူ ဒါယကာ၊ ဒါယိကာမတို့ဘက်မှ မိမိတို့၏ သဒ္ဓါစိတ် အလျောက် လာရောက်လှူဒါန်းခြင်း သန့်သန့်သာ ဖြစ်ရမည်ဖြစ်ပြီး သံဃာတော်များဘက်မှ နိမိတ်ပြခြင်း၊ စကားရိပ်ဖမ်းခြင်း စသည့် အဝိညတ်ပြုလုပ်၍ အလှူခံခြင်းမျိုး လုံးဝမရှိစေရပါ။ ထို့ကြောင့် ကထိန်ဒါနသည် စေတနာတရားသန့်ရှင်းဖြူစင်မှုဌ အမြင့်မားဆုံးအဆင့်တွင် တည်ရှိနေပေသည်။

လှူဒါန်းသောအခါ ဆရာရဟန်း စသော ပုဂ္ဂိုလ်တစ်ပါးပါးကို သီးသန့်မရည်စူးဘဲ သံဃာကိုသာ ရည်စူးရပေမည်။ ဤကထိန်လှူသင်္ကန်းကို သံဃာအား လှူဒါန်းပါ၏ဟူ၍ဖြစ်စေ၊ ဤကထိန်လှူသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါဟူ၍ ဖြစ်စေ နှုတ်မှရွတ်ဆိုရ၍ လှူဒါန်းရသည်။ ဤသို့ သံဃာ့ဂုဏ်ကို ရည်မှန်း၍ လှူဒါန်းရခြင်းကြောင့် ပုဂ္ဂလိကဒါန မဟုတ်ဘဲ မြင့်မြတ်လှစွာသော သံဃိကဒါန အစစ်အမှန်ဖြစ်သွားပေသည်။ သံဃာတော်များကလည်း ရရှိလာသော ကထိန်လှူသင်္ကန်းကို ကထိန်ခင်းထိုက်သော၊ ဝါဆိုဝါကပ်ခဲ့သော ရဟန်းတစ်ပါးပါးအား သံဃာ့စည်းဝေးပွဲ(သိမ်)၌ ဥတ္တ ကမ္မဝါစာဖြင့် သဘောတူညီမှု ရယူကာ လွှဲအပ်ပေးကြရပါသည်။

ကထိန်သင်္ကန်းကို အလှူခံရရှိသောနေ့မှာပင် ကထိန်ခင်းရပြီး နေဝက်နေ့သို့ ရွှေ့ဆိုင်းပိုင်ခွင့် မရှိပေ။ နေ့ချင်းပြီး သင်္ကန်းအသွင်ဖြတ်၊ ချုပ်၊ ဆိုးရသောကြောင့် ဤသင်္ကန်းမျိုးကို မသိုးသင်္ကန်းဟုလည်း ခေါ်ဆိုကြကာ တန်ဆောင်မုန်းလဆန်း ၁၄ ရက် နေဝင်ချိန်မှစ၍ စုပေါင်းအင်အားဖြင့် ရက်လုပ်ကြရပါသည်။ ရှေးအခါက မြန်မာမိန်းကလေးများနှင့် အလှူရှင်များသည် မသိုးသင်္ကန်း ရက်လုပ်ပွဲများကို တစ်ညလုံး မအိပ်ဘဲ ပျော်ပျော်ပါးပါး ပြုလုပ်ကြပြီး တန်ဆောင်မုန်းလပြည့်နေ့ မိုးသောက်ယံအရုဏ်တက်ချိန်၌ မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်များသို့မဟုတ် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည့် အလှေ့အထသည်လည်း ယနေ့ထက်တိုင် တည်ရှိနေဆဲ ဖြစ်ပါသည်။

ကထိန်အလှူနှင့် အတူတွဲလျက်ရှိသည်မှာ ပုံသက္ကူဇုတင်သင်္ကန်းပင် ဖြစ်ပါသည်။ လူအများ ကွယ်ရာတွင်ဖြစ်စေ၊ ညမှောင်ချိန်တွင်ဖြစ်စေ သင်္ကန်းစသည့်အသုံးအဆောင်များကိုတိတ်တဆိတ် စွန့်ပစ်လှူဒါန်းကြပြီး ဓူတင် ၁၃ ပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော ပုံသက္ကူဇုတင်ကို အကြောင်းပြုဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ပုံသက္ကူပစ်ခြင်းသည် မြန်မာတို့၏ ချစ်စဖွယ်ယဉ်ကျေးမှုတစ်ခုဖြစ်ပြီး မိမိလှူဒါန်းလိုက်သော အလှူဝတ္ထုကို မည်သူရရှိသွားသည်ကိုပင် သိရှိလိုစိတ်မရှိဘဲ စွန့်လွှတ်စွန့်ပစ်သော စေတနာအစစ်ဖြင့် ပြုလုပ်ကြခြင်းဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ညများ၌ လမ်းကြိုလမ်းကြားများတွင် မုန့်များ၊ ဝိုက်ဆံများ၊ အသုံးအဆောင်များကို ပုံသက္ကူပစ်ကြရာ ကလေးသူငယ်များနှင့် ပုံသက္ကူကောက်သူများ ပျော်ရွှင်ကြရသည်မှာလည်း ကထိန်လ၏ ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခုပင် ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ အာဏာစက်ဖြစ်သည့် ဝိနည်းသိက္ခာပုဒ်များကို ခေတ္တခဏပယ်ရန်တော် ခွင့်ပြုထားခြင်းမှာ ကထိန်အလှူတစ်ခုတည်းသာ ရှိပေသည်။ ဤသို့ဖြင့် ဝါတွင်းကာလက စောင့်စည်းခဲ့ရသော ရဟန်းသံဃာတော်များအတွက် သက်သာခွင့်နှင့် အကျိုးကျေးဇူးများကို ဖန်တီးပေးခြင်း ဖြစ်ပါသည်။ ဘုရားရှင်သည် သောဝလီမြို့တွင် သီတင်းသုံးတော်မူစဉ် ပေယျာဝဂ္ဂိုရဟန်းသုံးဆယ်တို့ ဝါဆိုပဝါရဏာပြုအပြီး မြတ်စွာဘုရားထံ ဖူးမြော်ရန် လာရောက်စဉ်လမ်းခရီး၌ မိုးစိုရွှဲ သင်္ကန်းများ စိုစွတ်ပင်ပန်းခဲ့သည်ကို အကြောင်းပြု၍ သံဃာတော်များ လွယ်ကူသင်္ကာစေရန် အလို့ငှာ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြသော ဒါယကာ၊ ဒါယိကာမများနှင့် သံဃာတော်များသည် တပေါင်းလပြည့်တိုင်အောင် ကထိန်အာနိသင်ငါးပါးကို ခံစားကြရပါသည်။ အနှောင့်အယှက်မရှိ လွတ်လပ်စွာ သွားလာနိုင်ခြင်းနှင့် တာဝန်ပေါ့ပါးခြင်းတို့ ပါဝင်ပါသည်။ ရဟန်းတော်များအနေဖြင့် ဒါယကာတို့ အိမ်သို့ ပန်ကြားမထားဘဲ သွားလာနိုင်ခြင်း၊ အဓိဋ္ဌာန် မတင်ထားသော သင်္ကန်းကို ဆောင်ထားနိုင်ခြင်း၊ ဂဏဘောဇဉ်ကို စားသုံးနိုင်ခြင်း၊ လှူဒါန်းရရှိသမျှ သင်္ကန်းများကို စိတ်ကြိုက်ဆောင်ထားနိုင်ခြင်းနှင့် ကထိန်ခင်းရာကျောင်း၌ ဖြစ်ပေါ်လာသမျှ သံဃိကပစ္စည်းများကို ခင်းသောသံဃာတို့ ပိုင်ဆိုင်ခွင့်ရခြင်းဟူသည့် ဝိနည်းဆိုင်ရာ ကင်းလွတ်ခွင့် အာနိသင်များကို တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင် ရရှိကြပါသည်။

ရန်သူမျိုး ငါးပါး ဖျက်ဆီးခြင်းမှ ကင်းဝေး

ကထိန်အလှူ၏ထူးခြားသော အာနိသင်တစ်ရပ်မှာ မိမိပိုင်ပစ္စည်းများကို ရန်သူမျိုး ငါးပါး ဖျက်ဆီးခြင်းမှ ကင်းဝေးခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် အစား အသောက်နှင့် ပတ်သက်၍ အဆိပ်အတောက် ကင်းဝေးခြင်း၊ သူတစ်ပါးတို့ လာရောက်ယှင်ခြင်းမှ ကင်းဝေးခြင်း စသည်တို့လည်း ပါဝင်ပေသည်။ လှူဒါန်းသူ ဒါယကာ ဒါယိကာမများအတွက်လည်း မိမိတို့၏ စည်းစိမ်ဥစ္စာများကို ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟူသည့် ရန်သူမျိုးငါးပါးတို့ ဖျက်ဆီး၍ မရနိုင်ဘဲ လုံခြုံဘေးကင်းစွာ သုံးဆောင်ခံစားရသည့် ဘုန်းမဟာကုသိုလ်ကြီးကို ရရှိစေပါသည်။

တန်ဆောင်မုန်းလပြည့်ညတွင် စူဠဥမဂ္ဂဓေတီတော်ကို ရည်မှန်းလျက် ဆီမီးများ ထွန်းညှိပူဇော်ကြသကဲ့သို့ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကဲ့သို့သော ဒေသအသီးသီးတွင် မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းဖြင့် ဗုဒ္ဓါနုဿတိကို ပွားများကြပါသည်။ ကောင်းကင်ယံသို့ ပျံတက်သွားသော ညမီးပုံးပျံကြီးများနှင့် စိန်နားပန်မီးပုံးပျံများ၏ အလှတန်ဆာများသည် တန်ဆောင်မုန်းလ၏ ညချမ်းကို ပိုမိုသက်ဝင်လှပစေပါသည်။ မီးပုံးပျံများ လွှတ်တင်ခြင်းသည် တာဝတိ်သာဘုံရှိ စူဠဥမဂ္ဂဓေတီတော်၌ ကိန်းဝပ်တော်မူသော မြတ်စွာဘုရားရှင်၏ စူဠဥမဂ္ဂဓေတီဆင်တော်ဓာတ်ကို ရည်မှန်း၍ ပူဇော်ကြခြင်းဖြစ်ရာ ဘာသာရေးအရလည်း အလွန်ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

ရပ်ကွက်ကျေးရွာများအတွင်း ပြည်သူများ တပျော်တပါး ဆင်နွှဲကြသည့် နိဗ္ဗာန်စျေးပွဲတော်သည်လည်း တစ်ဦးနှင့်တစ်ဦး ပစ္စည်း၊ မုန့်များကို အပြန်အလှန်လဲလှယ် လှူဒါန်းကြသည့် လူငယ်လူကြီးမရွေး ပါဝင်နိုင်သော လူမှုရေး-ဘာသာရေး အခမ်းအနားတစ်ခု ဖြစ်ပါသည်။ နိဗ္ဗာန်စျေးပွဲတော်များ၌ မုန့်ဟင်းခါး၊ ရိုးရာမုန့်မျိုးစုံ၊ အချိုရည်နှင့် အသုံးအဆောင်များကို လာရောက်သူတိုင်းအား အခမဲ့ဝါနပြု စေတနာဝေမျှကြပါသည်။ ဤပွဲတော်သည် ဒါနပြုလိုသူတို့အတွက် စေတနာသဒ္ဓါတရား ပွင့်လင်းရာနေရာဖြစ်သကဲ့သို့ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် သဒ္ဓါတရားပွားများစေသည့် ချစ်ဖွယ်ရာမြန်မာ့ရိုးရာကထိန်ပွဲတော်ဆိုင်ရာအလေ့ အထတစ်ခု ဖြစ်ပါသည်။

လူမှုအသိုက်အဝန်းအတွင်း စည်းလုံးညီညွတ်မှုကို ခိုင်မာစေ

မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျေးရွာ၊ ရပ်ကွက်၊ မြို့အလိုက် အသင်းအဖွဲ့များ စုပေါင်း၍ ဘုံကထိန်ပွဲများ ကျင်းပကြခြင်းဖြင့် စုပေါင်းအင်အား၏ တန်ဖိုးကို ပေါ်လွင်စေပြီး အလှူဒါနကို ပို၍လေးနက်ထည်ဝါစေပါသည်။ ဘုံကထိန်ပွဲများတွင် ပဒေသာပင်များကို ပုံစံမျိုးစုံ၊ ဒီဇိုင်းမျိုးစုံဖြင့် လှပစွာ ဆင်ယင်ကြပြီး ရပ်ကွက်အတွင်း လှည့်လည်လှူဒါန်းကြရာ၌ ပျော်ရွှင်ဖွယ်ရာ မြန်မာ့ရိုးရာ အိုးစည်၊ ခိုးပတ်သံများ၊ ကထိန်သီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပကြပါသည်။ ဤသည်မှာ လူမှုအသိုက်အဝန်းအတွင်း စည်းလုံးညီညွတ်မှုကို ခိုင်မာစေသည့် သာဓကတစ်ခု ဖြစ်ပါသည်။

ကထိန်သင်္ကန်း လှူဒါန်းသူတိုင်း ကထိန်ဒါနပြုပုံ မှန်ကန်ရန်နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ အချိန်ကာလနှင့်အညီ အတိအကျ ဆောင်ရွက်တတ်ကြရန် အလွန်ပင် အရေးကြီးပေသည်။ ဒါယကာ၊ ဒါယိကာမတို့အနေဖြင့် ကထိန်အလှူကို လှူဒါန်းရာ၌ ဝိနည်းတော်နှင့်အညီ မှန်ကန်စွာ လှူဒါန်းတတ်မှသာလျှင် သံဃာတော်များအတွက်လည်း ကထိန်အာနိသင် ရရှိနိုင်မည်ဖြစ်ပြီး အလှူရှင်များအတွက်လည်း မြင့်မြတ်သော အကျိုးတရားများကို ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာတို့၏ ၁၂ လရာသီ ပွဲတော်များအနက် တန်ဆောင်မုန်းလ၏ ကထိန်ပွဲတော်နှင့် အခြားပွဲများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန်မှာ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးဖြတ်မရအောင် ထိန်းသိမ်းရာ ရောက်ပေသည်။ မြန်မာ့ရိုးရာကထိန်ပွဲတော်များသည် ဒါနဉာဏ်ယှဉ်သော သဒ္ဓါတရားကို အခြေခံထားသကဲ့သို့ ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် သာသနာတော် တည်တံ့ပြန့်ပွားမှုကိုပါ အထောက်အကူပြုနေသဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တာဝန်ရှိပေသည်။

ဆိုရပါလျှင် ကထိန်ခင်းခြင်း အလေ့အထသည် ဗုဒ္ဓဘာသာဝင်များအတွက် အဓိကကျသော ဒါနကုသိုလ်ကြီး တစ်ရပ်ပင် ဖြစ်ပေသည်။ တန်ဆောင်မုန်းလ၏ ရာသီဥတုသာယာလှပမှုများနှင့်အတူ ကထိန်အလှူတော်ကြီးသည် ဗုဒ္ဓဘာသာဝင်တို့၏ ရင်ထဲ၌ မကင်းကွာနိုင်သော မြတ်နိုးဖွယ် ယဉ်ကျေးမှုတစ်ခုအဖြစ် ထာဝရကိန်းဝပ်လျက် ရှိနေမည်ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရင့်များအနေဖြင့် ကထိန်သင်္ကန်းလှူဒါန်းရခြင်း၏ အကျိုးကျေးဇူးများကို ကောင်းစွာသိရှိနားလည်လျက် စည်းစနစ်ကျနစွာဖြင့် ကုသိုလ်ထူးများကို ဆက်လက်တည်တံ့အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကြောင်း ရေးသားမှုဝေလိုက်ရပါသည်။ ။

တီဘီရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်(၂၀၂၆-၂၀၂၈) ရှင်းလင်းတင်ပြ

ရန်ကုန် နိုဝင်ဘာ ၁၇

တီဘီရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (၂၀၂၆–၂၀၂၈) ရှင်းလင်းတင်ပြခြင်းကို ယနေ့ နံနက် ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နန္ဒဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း တီဘီရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြကာ ရန်ကုန်တိုင်းဒေသကြီး၏ တီဘီရောဂါအခြေအနေနှင့် ကဏ္ဍပေါင်းစုံ ဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွာမရပ်ကွက် ရန်ကုန် - ပဲခူးလမ်းမကြီးဘေးတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ရန်ကုန် - ပဲခူးလမ်းမကြီးဘေးတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လှည်းကူးမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် ရန်ကုန် - ပဲခူးလမ်းမကြီးဘေးတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မင်္ဂလာဒုံမြို့နယ် ရွာမရပ်ကွက် အမှတ်(၃) လမ်းမကြီးဘေးတွင် လမ်းနယ်တိုင်းတာခြင်းနှင့် ရေနုတ်မြောင်းဆောင်ရွက်မည့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)





ဝင်ငွေသေချာသည့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နေကြာကို တိုးချဲ့စိုက်ပျိုးကြရန် တိုက်တွန်းမှာကြား

စစ်တွေ နိုဝင်ဘာ ၁၇

ဝင်ငွေတိုးတက်ရရှိရေးအတွက် မိုးစပါးတစ်သီးတည်း စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ကျေနပ်မနေဘဲ ဝင်ငွေသေချာသည့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နေကြာကို စားသုံးဆီဖုလုံစေရေး တိုးချဲ့စိုက်ပျိုးကြရန် ယမန်နေ့က စစ်တွေမြို့နယ် ဒါးပိုင် ကျေးရွာ မိုးစပါးမျိုးစေ့ထုတ် ၇၅ ဧက စိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ဒေသခံတောင်သူများအား ပြောကြားသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စစ်တွေမြို့နယ်အတွင်း မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းများ စိုက်ပျိုးထားရှိမှု၊ ဆီထွက်သီးနှံမြေပဲနှင့် နေကြာစိုက်ပျိုးရန် စီမံဆောင်ရွက်နေမှုနှင့် ဆောင်းသီးနှံများစိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းနေမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မိုးစပါးအထွက်နှုန်းတိုင်းတာ တွက်ချက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်၊ စစ်တွေ-ပလွင်ပြင် လမ်း ၆ မိုင် ၃ ဒသမ ၄ ဖာလုံမှ ၉ မိုင် ၁ ဖာလုံအထိ ၂ မိုင် ၅ ဒသမ ၆ ဖာလုံအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာနပြည်နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း လုပ်ငန်းလည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင် ထုံးဘို ကျား (၁) (၂)၊ ထုံးဘို (မ)၊ (၂၄) မိုင် ကုန်ထုတ်စခန်း၊ ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်း၊ ချယ်ရီမြေဘိုးဘွားရိပ်သာ၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ အမျိုးသားလူအခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးအုန်းခိုင်၊ ဒေါက်တာ ဆွေဆွေအောင် နှင့် ဦးညီညီတို့ဦးဆောင်သည့်အဖွဲ့သည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ထုံးဘို ကျား (၁) (၂)၊ ထုံးဘို (မ) ကုန်ထုတ်စခန်းတို့ကို လည်းကောင်း၊ ယနေ့တွင် ပြင်ဦးလွင်မြို့နယ်ရှိ (၂၄)မိုင် ကုန်ထုတ်စခန်း၊ ပြင်ဦးလွင်မြို့မရဲစခန်း အချုပ်ခန်း၊ ပြင်ဦးလွင်မြို့နယ် တရားရုံးအချုပ်ခန်း၊ ပြင်ဦးလွင်ခရိုင် တရားရုံးအချုပ်ခန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ပရဟိတမျက်မမြင် ဘက်စုံပညာသင်ကျောင်း၊ ချယ်ရီမြေဘိုးဘွားရိပ်သာတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကုန်ထုတ်စခန်းများကို ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ၊ လုပ်ငန်းခွင် အတွင်း ထိခိုက်ဒဏ်ရာရရှိပါက ဆေးကုသပေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ မရှိ၊ အလုပ်နားရက်တွင် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှုအခြေအနေ၊ အကျဉ်းသား အကျဉ်းသူများ စခန်းစာကြည့်တိုက်ရှိ စာအုပ်များ ငှားရမ်းဖတ်ရှုရာတွင် လွယ်ကူစွာဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးမှု ရှိ မရှိ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိ မရှိ၊ မိသားစုတွေ့ဆုံခွင့်နှင့် ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရာသင့်ရာထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းမှု ရှိ မရှိ၊ အပူချိန်မြင့်မားသည့်ကာလများအတွင်း လုပ်ငန်းခွင်ဝင်ရောက်မှုအခြေအနေတို့ကို မေးမြန်းခဲ့ပြီး သီခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား အကျဉ်းသူ ငါးဦးကိုလည်း သီခြားတွေ့ဆုံ မေးမြန်း မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ ကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား အကျဉ်းသူများ လေ့လာဖတ်ရှုနိုင်ရန် အတွက် ဗဟုသုတရပွယ်ရာ စာအုပ်စာပေများကို ကော်မရှင်မှလျှဒါန်းခဲ့သည်။

ပရဟိတ မျက်မမြင်ဘက်စုံပညာသင်ကျောင်းနှင့် ချယ်ရီမြေဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်း ကျွေးမွေးမှု၊



သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖို ဆောင်များအား ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ မသန်စွမ်းကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေး လေ့ကျင့်ပြုစုပေးနေမှု၊ ပညာဆက်လက်သင်ကြားနိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးနေမှု၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်လစာ ထုတ်ယူရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင် မြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများတွင် အချုပ်သားများ၏ ရဟန်းကာလ အခြေအနေ၊ အချုပ်သားများထံမှ သိမ်းဆည်းထားသော ပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားခြင်း ရှိ မရှိနှင့် အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေများ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲမှုနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရွေ့နေများနှင့် တွေ့ဆုံခွင့် ရရှိမှုအခြေအနေတို့ကို အချုပ်သား အချုပ်သူများအား တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများ၏ သန့်ရှင်းမှု၊ အလင်းရောင်ရရှိမှုနှင့် လေဝင်လေထွက်ကောင်းမွန်မှု ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင် ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ကြဲခင်းစနစ်များပပျောက်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်

ပုသိမ် နိုဝင်ဘာ ၁၇

ပန်းတိုင်အထွက်နှုန်း ရရှိစေရေး အတွက် ကြဲခင်းစနစ်များ ပပျောက်စေရေးကို လူထုလှုပ်ရှားမှုအသွင် ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၂၆)တွင် ပြောကြားခဲ့သည်။

ထို့ပြင် ကြဲခင်းစနစ်ပပျောက်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပြီး Drum Seeder များဖြင့် စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးသည့်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်းများကို တိုးတက်လုပ်ဆောင်ကြရန်လည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ကြဲခင်းစနစ်ပပျောက်ရေး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်မှုလယ်ယာစနစ် ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ Drum Seeder ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြုမှု တိုးမြှင့်နိုင်ရေး၊ စိုက်ပျိုးမြေဧရိယာများ မှန်ကန်တိကျစွာ စာရင်းပြုစုနိုင်ရေး၊ အမှန်တကယ်စိုက်ပျိုးသည့် ဧကနှင့် သီးနှံအမျိုးအစားများ ကိုကိုညီမွှေရေး၊ ဒေသနှင့် ကိုက်ညီသည့် သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင် အမှတ် (၊-၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာကော်မတီဥက္ကဋ္ဌဦးသန်းထွန်းဦးကလွှတ်တော်တွင်မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများအား အကောင်အထည်ဖော်မှုကို ဝန်ကြီးဌာနအချင်းချင်းနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များအကြား ချိတ်ဆက်ဆောင်ရွက်ရမည့် ကတိများကို တာဝန်ယူပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ကတိဖြစ်ထားသည့်လုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးစေရန် သတ်မှတ်ဘတ်ဂျက်အတွင်း ထည့်သွင်းလျာထား ဆောင်ရွက်ရန်နှင့် လွှတ်တော်နှင့် အစိုးရသက်တမ်း (၅) နှစ်အတွင်း အမှန်တကယ် ဆောင်ရွက်ပေးနိုင်မည့် ကတိများကိုသာ ပေးအပ်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းပြီးစီးမှု စာရွက်စာတမ်း အထောက်အထားနှင့် မှတ်တမ်းဓာတ်ပုံများကို ကော်မတီသို့တင်ပြပေးပို့ရန်နှင့် လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ကွင်းဆင်းစစ်ဆေးရမည့်ကိစ္စရပ်များနှင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို လွှတ်တော်မှတ်တမ်းအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သည့်မေးခွန်းများအနက် ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြ ကတိဖြစ် မေးခွန်း ၆၄ ခုနှင့် ကြယ်ပွင့်မပြကတိဖြစ် မေးခွန်း ၇၈ ခု၊ စုစုပေါင်း ၁၄၂ ခု နှင့် ပတ်သက်ပြီး ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်မှုအခြေအနေများကို တိကျမှန်ကန်စွာ တင်ပြနိုင်ရေးနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်စေရေးတို့အတွက် လိုအပ်သည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၇

ပြင်ဦးလွင်မြို့နယ် ဝက်ဝံအုပ်စု မြိုင်ကြီးကျေးရွာရှိ ရွှေကောင်းကင်ဥစ္စာကြက်မွေးမြူရေးခြံနှင့် ပုသိမ်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ကြူဝန်းခြံ) ၏ အသားတိုးနွား မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်နှင့် သရုပ်ပြလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နတ်ရောကန် ငါးလုပ်ငန်းစခန်းတွင် မျိုးငါးများ မွေးမြူထားရှိမှု၊ ငါးမျိုးများ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချပေးနေမှုကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းသည် ကွင်းဆင်းကြည့်ရှုပြီး အယ်လ်နီညိုအစွန်းရောက် ရာသီဥတုဖြစ်စဉ်ကြောင့် လုပ်ငန်းများ ထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ဆွေးနွေးပြောကြားသည်။



ထို့အတူ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်၌ မွေးမြူရေး တောင်သူများနှင့် တွေ့ဆုံပြီး မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ကုန်စျေးနှုန်း တည်ငြိမ်ရေးနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ သန့်ရှင်းသော အသား၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုမြင့်မားစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးအသုံးချ သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ(သဖန်းခြံ)၏ ဒေသမျိုးသိုး၊ ဆိတ်မျိုးရင်းများ ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ခြင်း ဆောင်ရွက်ရန်အတွက် ဒေသဆိတ်မျိုးများဖြစ်သော ထိန်စမ်း၊ ဂျိတ်နီ၊ ဝေသာလီမျိုးများနှင့် နိုင်ငံခြားဆိတ်မျိုးများဖြစ်သော ဘိုအာ၊ ဆာနန်နှင့် ဒေါ်ပါမျိုးများ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ခြံအတွင်းရောဂါမကျရောက်စေရေးနှင့် အယ်လ်နီညိုရာသီဥတုတုံ့ပြန်မှုကြောင့် ဖြစ်ပေါ်ပါက ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တောင်ငူမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

တောင်ငူ နိုဝင်ဘာ ၁၇

တောင်ငူမြို့ အမှတ်(၈)ရပ်ကွက်နှင့် အမှတ်(၂၀) ရပ်ကွက်၌ ယနေ့ နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲထွေးအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဟောပြောဆွေးနွေးပြီး သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်များက ကိုယ်တိုင်အချိန်နှင့် တစ်ပြေးညီ မီးငြိမ်းသတ်နိုင်ရေး၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြသ ဆောင်ရွက်ပေးကြသည်။

ခရိုင်(ပြန်/ဆက်)

ရေချိုစိမ့်စမ်း
မခန်းစေဖို့၊
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားဆက်ရွတ်တရားပူဇော်ခြင်း
၀၆:၃၀ နံနက်ခင်းသတင်း
၀၉:၁၅ ကမ္ဘာ့အလင်းဆုံးဘုန်ခြမ်းဟုဝယ်ဆန်း
၁၀:၃၀ ရုပ်မြင်သံကြားစာတိုလင်း '၄၄၄ဖန်'
၁၁:၀၀ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းအောင်လွိုင်က နိုင်ငံတော်၏မူဝါဒများ၊ လျှောက်ထားဆောင်ရွက်ပည်ရွင်းနိုင်းမဲ့များနှင့်ပတ်သက်၍ ပြည်ထောင်စုရွက်တော်တွင် ပြန်ကြားခြင်းအစီအစဉ်
၁၁:၅၅ ကမ္ဘာ့သတင်းစကား
၁၂:၃၀ MRTV National News

mtv

07:01 Evergreen Classic: Migadawon (Tekkatho Lei Lei)
07:09 Myanmar Marionette
07:38 Thadingyut Holiday Vacation (Inle, Taunggyi)
08:01 News
08:26 Aye Aye Soe: Myanma Pioneer Female Bodybuilder
08:40 The Eternal Friend from Nature
09:01 Mt. Taung Pu La
09:32 Danu Food: Mone Nyin Saw Dish
09:37 Family of Toys
10:40 Yenwe, The Multi-Purpose Dam
11:44 The Tasty Creator

MRTV NRC

ချင်း (ဇိုဖိုင်း) (၀၆:၀၀ မှ ၀၇:၀၀)
တက်သားနှင်ပိန်ချက်ချက်ပြုတ်နည်း
ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ကျွဲလောင်းဆကျွဲချလုံးပူဇော
မွန် (၀၈:၀၀ မှ ၁၀:၀၀)
လုံးဝိုးနေ့ဆူးအိုင်းဖွန်းမိုဖိုးရာအိမ်ကလေး
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ထူးဆန်းလွန်းရိုင်းလေးလူမျိုးရာ(ရခိုင်မြို့နှင့်)
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ငရုတ်နေ့ဝလေ့
ဝ (၁၃:၀၀ မှ ၁၆:၀၀)
သမဲကြားသီးနှင့်ကျန်းမာရေး

ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ခြင်းတောင်ရက်လုပ်ခြင်းလက်မှုပညာ
ကယား (၁၈:၀၀ မှ ၂၀:၀၀)
ကယားဒိုရာတုပိုယာပြုလုပ်ခြင်း
ဗမာကရင် (၂၀:၀၀ မှ ၂၁:၀၀)
စွန့်စရိုက်ပျာမှလုသုံးကုန်လက်မှုပညာသီသို့
ဘန်းကါးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ခြင်းလုပ်သမားတို့ဒါဂ
ဘရွှေဖြူကရင် (၂၂:၀၀ မှ ၂၃:၀၀)
ရေကညှတ်ဟင်း

MRTV NEWS

၀၆:၀၀ အဖွင့်-တေးသီချင်း
၀၆:၀၅ လုပ်ရပ်ရာဒေသအားကစား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကုန် (LIVE)
၁၈:၁၅ ငြိမ်လှိမ်ထိုင်းအတွက် Hand I Craft
၁၉:၁၅ တောင်ပြိုးတန်ဆောင်တိုင်
၁၉:၄၅ နေ့စဉ်အန်းသစ်သီဒေတ် (Razor)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ Festivals Around The World
၂၁:၄၅ လွှတ်တော်ရေးရာအစီအစဉ်

MRTV PARLIAMENT

၀၇:၀၀ အဖွင့်-အလံ
၀၇:၅၅ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု
၁၃:၀၀ လွှတ်တော်သတင်း (၁၈-၁၁-၂၀၂၆)

MRTV FARMER

၀၆:၀၀ အဖွင့်-နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ နိုင်ငံရိုးရာတိုးတက်ရေးဆီ MSME လုပ်ငန်း တက်ညီလက်ညီဆောင်ရွက်ခဲ့
၁၀:၀၀ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု
၁၆:၃၀ နိုင်ငြားစာတ်လမ်းတွဲ 'ဟသာမြို့ခြ' (အပိုင်း-၁၀)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြေကြယ်
၀၆:၄၅ Sports Diary
၀၇:၃၀ Weekly MNL Review
၀၈:၄၅ ၂၀၂၆ ခုနှစ်၊ လိုက်ပြုန်းလမ်းပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောမြို့ပွဲ (တတိယနေ့ရာလုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု
၁၉:၀၀ အားကစားသတင်း

Scan Here

MRTV MRTV Radio MRTV Radio

Education Channel

* *ကျောဖုံးမှ*

အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွန်းဦး၊ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးရဲနိုင်၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးအကြိုစိုလ်လုပွဲ ပွဲစဉ်များ အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ



ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဘော်လီဘောပြိုင်ပွဲ အမျိုးသားအကြိုစိုလ်လုပွဲ ပွဲစဉ်များ အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲ အမျိုးသမီးတတိယလုပွဲ ပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာန အသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ အမျိုးသားတတိယလုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး အဆိုပါ တတိယလုပွဲ ပွဲစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV HD၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်၊ ပုပ္ပသီရိမြို့နယ်၊ ဒဏ္ဍီဏသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်း ပြတိုက် (နေပြည်တော်) ၌ ကျောင်းသား ကျောင်းသူများလေ့လာနိုင်ရေး စီစဉ်ဆောင် ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနား မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (သစ်ဆိမ့်ပင်)(အရှေ့)၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ဆင်သေ)၊ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)(ဇီးဖြူပင်)၊ ပုပ္ပသီရိမြို့နယ်ရှိ ခေတ်ရှေ့ဆောင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ရင်သွေးပျိုးခင်းကိုယ် ပိုင်ကျောင်း၊ ကောင်းလျှံကိုယ်ပိုင်အလယ်တန်း ကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ မဟာဗောဓိ ကိုယ်ပိုင်ကျောင်း၊ အခြေခံပညာမူလတန်း (မူလွန်)ကျောင်း(သပြေကုန်း)နှင့် ဒဏ္ဍီဏသီရိ မြို့နယ်မှ အခြေခံပညာမူလတန်း (မူလွန်) (ကျောက်ခဲအင်း)၊ အခြေခံပညာမူလတန်း (မူလွန်)(ရဲဒို)၊ အခြေခံပညာ မူလတန်း(ကျွဲသဲ)၊ မြတ်ပညာအောင် ကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်း ပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်း ပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့ သည့် တပ်မတော်လေယာဉ်များကို လည်း ကောင်း၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူ များ၊ စစ်လက်နက်ပစ္စည်းများကို လည်း ကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်း ဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြ ပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင် ကိုကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန် ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမ များအတွက် မှန်မှားကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက် အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြသကြ သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ



နှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား ပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့ သည့်ဗဟုသုတများကို ဉာဏ်စမ်းပေဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများ အား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့် ဆုနှင့်အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာ မည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ် စိတ်ဓာတ်ရှင်သန် ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုး ညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ် ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက် လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်း ထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီး သီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ် များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်း ဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိ ထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်း မှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရ သည်။

သတင်းစဉ်

မလေးရှားနှင့် ပြင်သစ်ဆက်ဆံရေး မဟာဗျူဟာမြောက် မိတ်ဖက်အဆင့်သို့ မြှင့်တင်မည်



ကွာလာလမ်ပူ နိုဝင်ဘာ ၁၇

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုအားကောင်း ခိုင်မာစေရန်ရည်ရွယ်ကာ နှစ်ရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက်နှောင်းပိုင်းတွင် မလေးရှားနိုင်ငံသို့ ရောက်ရှိလာကြောင်း သိရသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် မလေးရှား-ပြင်သစ်ဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်သို့ မြှင့်တင်ရေးနှင့်ပတ်သက်ပြီး မလေးရှားဝန်ကြီးချုပ် အန်ပါအီဗရာဟင် နှင့် အရေးပါသော နှစ်နိုင်ငံဆွေးနွေးပွဲ တစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း မက်ခရွန် မရောက်ရှိမီ ထုတ်ပြန်ချက်တွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန က ဖော်ပြထားသည်။

ထို့အပြင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးက ကုန်သွယ်ရေး နှင့် ရင်းနှီးမြှုပ်နှံမှု၊ အရေးပါသော တွင်းထွက်သယံဇာတများ၊ စွမ်းအင် အသွင်ကူးပြောင်းရေး၊ ကာကွယ်ရေးနှင့် ပညာရေးအပါအဝင် အဓိကနယ်ပယ် ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်ရေးအားကောင်းလာစေရန် မူဘောင် တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ခေါင်းဆောင်နှစ်ဦးသည် ဒေသတွင်းအပြင် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုများ နှင့်ပတ်သက်၍လည်း အမြင်ချင်းဖလှယ် ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

ဆင်ဟွာ

ဂျပန်စတော့ရှယ်ယာဝန်ဆောင်မှုတစ်ခုမှ သုံးစွဲသူလေးသန်းကျော်၏အချက်အလက်များ ပေါက်ကြားဖွယ်ရှိ

တိုကျို နိုဝင်ဘာ ၁၇

ဂျပန်နိုင်ငံ၏ အွန်လိုင်းစတော့ရှယ်ယာ အရောင်းအဝယ်ဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည့် Rakuten Securities က ကုမ္ပဏီ၏ အတွင်းပိုင်းစနစ်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် သုံးစွဲသူအကောင့်ပေါင်း ၄ ဒသမ ၄ဂ သန်းခန့်၏ အချက်အလက်များ ပေါက်ကြားနိုင်ကြောင်း နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပေါက်ကြားနိုင်သည့် အချက်အလက်များတွင် သုံးစွဲသူများ၏ အမည်၊ မွေးသက္ကရာဇ်၊ အလုပ်အကိုင်၊ နှစ်ဝင်ငွေ၊ ငွေကြေးပိုင်ဆိုင်မှုနှင့် ရင်းနှီးမြှုပ်နှံထားသည့် ငွေကြေး ဆိုင်ရာ ထုတ်ကုန်များ ပါဝင်နိုင်ကြောင်း သိရသည်။ ထို့ပြင် အကောင့်ပေါင်း ၁၁ ဒသမ ၂၅ သန်းခန့်၏ Login ID များနှင့် အကောင့်အတည်ပြုကုဒ်များအပြင် ယခင်က ဝန်ဆောင်မှု အသုံးပြုခဲ့သူများ၏ အချက်အလက်များလည်း ထိခိုက်နိုင်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

Rakuten Securities က သုံးစွဲသူများအနေဖြင့် သံသယဖြစ်ဖွယ် ဆက်သွယ်မှုများကို သတိပြုကြရန်နှင့် လက်ဗွေ၊ မျက်နှာမှတ်သားစနစ် တို့ဖြင့် အတည်ပြုနိုင်သည့် Passkey Authentication ကို အသုံးပြုကြရန် တိုက်တွန်းထားသည်။

အင်နဲအိတ်ချ်ကေ

သီရိလင်္ကာ၌ ဆေးဘက်ဆိုင်ရာအရာရှိ ၇၀၀၀ ခန့် လိုအပ်

ကိုလံတို နိုဝင်ဘာ ၁၇

သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ အစိုးရဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အရာရှိ ၇၀၀၀ ခန့် လိုအပ်လျက်ရှိကြောင်း ကျန်းမာရေးနှင့်လူထု ဆက်သွယ်ရေးဝန်ကြီး နာလင်ဒါဂျာယာတစ်ဆာက နိုဝင်ဘာ ၁၇ ရက်တွင် လွှတ်တော်သို့ ပြောကြားသည်။

အဆိုပါဝန်ကြီး ဂျာယာတစ်ဆာက အစိုးရအနေဖြင့် လာမည့် ၂၀၂၇ ခုနှစ်နှင့် ၂၀၂၉ ခုနှစ်ကြားတွင် လစ်လပ်လျက်ရှိသော ရာထူးနေရာ ၇၀၀၀ ခန့်အတွက် ဆေးဘက်ဆိုင်ရာ အရာရှိများကို အဆင့်အလိုက် ခေါ်ယူသွားရန် စီစဉ်နေကြောင်း ပြောသည်။

သီရိလင်္ကာနိုင်ငံသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ရှားပါးမှုကြောင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး၊ နာတာရှည်ရောဂါ ကုသရေးအပါအဝင် မြင့်တက်လာသော ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ လိုအပ်ချက်များနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ဆင်ဟွာ

နော်ဝေတွင် ပင်စင်ယူနိုင်သည့်အသက်တိုးမြှင့်ရန် အဆိုပြု

အော်စလို နိုဝင်ဘာ ၁၇

နော်ဝေအစိုးရသည် ပျမ်းမျှသက်တမ်းမြင့်တက်လာမှုနှင့်အညီ နိုင်ငံတော် ပင်စင်ခံစားခွင့်ရရှိနိုင်သည့် အသက်အရွယ်ကို ၂၀၂၉ ခုနှစ်မှစတင်ကာ တဖြည်းဖြည်းမြှင့်တင်ရန် နိုဝင်ဘာ ၁၇ ရက်တွင် အဆိုပြုခဲ့သည်။ လက်ရှိ ပုံမှန်ပင်စင်ယူနိုင်သည့် အသက် ၆၇ နှစ်ကို သက်တမ်းမြင့်တက်လာမှုအပေါ်မူတည်၍ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ပြီး အစောဆုံး ပင်စင်ယူနိုင်သည့် အသက် ၆၂ နှစ်ကိုလည်း တစ်ပြိုင်နက် မြှင့်တင်သွားရန် စီစဉ်ထားသည်။

အဆိုပြုချက်အရ ၁၉၆၇ ခုနှစ်တွင် မွေးဖွားသူများသည် ပထမဆုံး သက်ရောက်မှုရှိမည့်သူများဖြစ်ပြီး ပင်စင်ယူနိုင်သည့် အသက်ကန့်သတ် ချက်မှာ သုံးလခန့်မြင့်တက်လာမည်ဖြစ်သည်။ လက်ရှိမွေးမျှသက်တမ်း ခန့်မှန်းချက်များအရ ၁၉၉၀ ပြည့်လွန်နှစ်များနှောင်းပိုင်းတွင် မွေးဖွားသူများသည် ပုံမှန်ပင်စင်ယူရန် အသက် ၇၀ ခန့်အထိ စောင့်ဆိုင်းရန်ပြီး အစောဆုံးပင်စင်ယူနိုင်သည့် အသက်မှာ ၆၅ နှစ်ခန့် ဖြစ်လာနိုင်ကြောင်း အစိုးရက ပြောကြားသည်။

ဆင်ဟွာ

စားနပ်ရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုပြဿနာဖြေရှင်းရန် ကမ္ဘာတစ်ဝန်းရှိ လွှတ်တော်အမတ်များ နိုင်ရိုဘီမြို့၌ ဆွေးနွေး

နိုင်ရိုဘီ နိုဝင်ဘာ ၁၇

ကမ္ဘာတစ်ဝန်းမှ လွှတ်တော်အမတ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် ၂၅၀ ကျော်တို့သည် ငတ်မွတ်ခေါင်းပါးမှု၊ အာဟာရချို့တဲ့မှုနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစားနပ်ရိက္ခာစနစ်များဆိုင်ရာ ထိပ်သီးအစည်းအဝေး အတွက် ကင်ညာနိုင်ငံ၏ မြို့တော်နိုင်ရိုဘီတွင် နိုဝင်ဘာ ၁၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကင်ညာသမ္မတ ဝီလီယံ ရုတိုသည် နိုင်ရိုဘီမြို့တွင်ပြုလုပ်သည့် တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုတိုက်ဖျက်ရေး လွှတ်တော်ဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ အစားအစာနှင့် အာဟာရဖူလုံမှုကိုမြှင့်တင်ရန် ရန်ပုံငွေများကို ထိရောက်စွာအသုံးချနိုင်ရေး လွှတ်တော်အမတ်များအား တိုက်တွန်းပြောကြားသည်။

အာဖရိကဒေသတွင် ပထမဆုံးအကြိမ် ကျင်းပသော ယင်းထိပ်သီးအစည်းအဝေးကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကင်ညာလွှတ်တော်နှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ စပိန်အေဂျင်စီတို့က ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်သည်။

ကုလသမဂ္ဂက ၂၀၂၅ ခုနှစ်တွင် အာဖရိက ဒေသမှ လူပေါင်း ၃၀၉ သန်း အပါအဝင် ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရသူပေါင်း ၆၄၅ သန်း ရှိသည်ဟု ခန့်မှန်းထားသည်။

ဆင်ဟွာ

လူအသက်သေဆုံးနိုင်သည့် အလိုအလျောက်စစ်လက်နက်များ ထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂတွင် ဆွေးနွေး

ဂျီနီဗာ နိုဝင်ဘာ ၁၇

အလိုအလျောက် ပစ်မှတ်ရှာဖွေတိုက်ခိုက်နိုင်သည့် လူသတ်စက် ရုပ်လက်နက်များ (Killer Robots) အသုံးပြုမှုကို ထိန်းချုပ်ရန် နိုင်ငံ



တကာစည်းမျဉ်းများ ချမှတ်နိုင်ရေးအတွက် သံတမန်များ ဂျီနီဗာမြို့တွင် ဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသည် ကုလသမဂ္ဂ၏ သမားရိုးကျလက်နက်အချို့ ဆိုင်ရာ သဘောတူစာချုပ်ကို ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်သည့် ညီလာခံဖြစ်ပြီး အမေရိကန်၊ တရုတ်၊ ရုရှားနှင့် ဂျပန်အပါအဝင် နိုင်ငံများ ပါဝင်ကြသည်။ ဆွေးနွေးပွဲ၏ အဓိကအစီအစဉ်တစ်ခုမှာ လူသား၏ တိုက်ရိုက်ထိန်းချုပ်မှုမပါဘဲ ပစ်မှတ်များကို ရှာဖွေဖော်ထုတ်ကာ တိုက်ခိုက်နိုင်သည့် သေစေနိုင်သော အလိုအလျောက်စစ်လက်နက်များကို မည်သို့ထိန်းချုပ်မည့် ကိစ္စဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အဖွဲ့ဝင် နိုင်ငံများအနေဖြင့် နိုင်ငံတကာစည်းမျဉ်းသစ်များချမှတ်ရေး ဆွေးနွေး ညှိနှိုင်းမှုများ စတင်ရန် ဗီဒီယိုမိန့်ခွန်းမှတစ်ဆင့် တိုက်တွန်းခဲ့သည်။

လူသတ်စက်ရုပ်လက်နက်များကို ဆန့်ကျင်လှုပ်ရှားနေသည့် Stop Killer Robots အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ နီကိုးလ်ဗန်ရွိုင်ယန်က နည်းပညာသည် အလွန်လျင်မြန်စွာတိုးတက်နေပြီး စစ်မြေပြင်အချို့တွင်လည်း အသုံးပြုနေပြီဖြစ်သဖြင့် နိုင်ငံများအနေဖြင့် အရေးတကြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အင်နဲအိတ်ချ်ကေ

ဘင်္ဂလားဒေ့ရှ်၏ ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူး

ဒါကာ နိုဝင်ဘာ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း၏ စွမ်းအင်ကဏ္ဍတွင် သမိုင်းမှတ်တိုင်သစ်တစ်ခုအဖြစ် နိုဝင်ဘာ ၁၇ ရက်တွင် ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်သည့် Rooppur စက်ရုံ၏ အမှတ် (၁) ဓာတ်အားပေးယူနစ်မှ လျှပ်စစ်ဓာတ်အား ၃၅၀ မဂ္ဂါဝပ်ကို စမ်းသပ်လည်ပတ်မှုအနေဖြင့် နိုင်ငံတော်ဓာတ်အား လိုင်းသို့ စတင်ပေးပို့နိုင်ခဲ့သည်။

ရုရှားကန်ထရိုက်တာနှင့် ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အဆိုပါအမှတ် (၁) ယူနစ်ကို စီးပွားဖြစ်လျှပ်စစ်ဓာတ်အား အပြည့် အဝ မဖြန့်ဖြူးမီ ၁၀ လကြာ စမ်းသပ်လည်ပတ်သွားမည်ဖြစ်သည်။ Rooppur နျူကလီးယားဓာတ်အားပေးစက်ရုံတွင် ဓာတ်အားပေးယူနစ် နှစ်ခုပါဝင်ပြီး တစ်ယူနစ်လျှင် လျှပ်စစ်ဓာတ်အား ၁၂၀၀ မဂ္ဂါဝပ်စီ ထုတ်လုပ်နိုင်စွမ်း ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံး နျူကလီးယားဓာတ်အားပေးစီမံကိန်းကို နိုင်ငံ၏သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဘင်္ဂလားဒေ့ရှ် အဏုမြူစွမ်းအင်ကော်မရှင်က အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ဆင်ဟွာ

COP31 တွင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ AI အသုံးပြုမှုအကြောင်း တူကီယဲ ဆွေးနွေး

အန်ကာရာ နိုဝင်ဘာ ၁၇

တူကီယဲနိုင်ငံက AI ဖြင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရေးနှင့် AI ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများလျော့ချရေးအတွက် အဆိုပြုထားသည့် အစီအစဉ်ကို COP31 ရာသီဥတုညီလာခံတွင် ဆွေးနွေးခဲ့သည်။

ထိုပြင် AI နည်းပညာများ၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကိုစိစစ်တိုင်းတာပြီး အစီရင်ခံနိုင်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် AI အသုံးပြုနိုင်ရေးအတွက် ငွေကြေးနှင့် နည်းပညာအထောက်အပံ့များတိုးမြှင့်ပေးရေးတို့လည်း ပါဝင်သည်။

တူကီယဲ စက်မှုနှင့်နည်းပညာဝန်ကြီး မက်ဟ်မက်ဟာတီ ကာစီယာက AI ၏ စွမ်းဆောင်ရည်များကို လူသားအားလုံး၏ အကျိုးစီးပွားအတွက် အသုံးချနိုင်ရန် နိုင်ငံရေးဦးဆောင်မှု တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့က အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်နဲအိတ်ချ်ကေ

၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း (၁-၁၁-၂၀၂၆ ရက်နေ့မှ ၁၅-၁၁-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန် အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင်အောက် ဆိုဒ်	နိုက် ထရိုဂျင် ဒိုင် အောက် ဆိုဒ်	အို ဇုန်း	ကာဗွန် မိုနို အောက် ဆိုဒ်
၁	**နေပြည်တော်**						
	၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	လက်ခံ နိုင်သော	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်
	၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	**ရန်ကုန်တိုင်းဒေသကြီး**						
	၁ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၂ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၃ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၄ သာကေတမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်	_	_	_	ကောင်းမွန်	_
	၅ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့	_	_	_	_	ကောင်းမွန်	_
၃	**မန္တလေးတိုင်းဒေသကြီး**						
	၁ အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
	၂ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	လက်ခံ နိုင်သော	ကောင်းမွန်	_	ကောင်းမွန်	_	
	၃ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၄ ညောင်ဦးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၅ ကျောက်ဆည်မြို့	ကောင်းမွန်					
	၆ ပြင်ဦးလွင်မြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၇ မိတ္ထီလာမြို့	ကောင်းမွန်					
၄	**စစ်ကိုင်းတိုင်းဒေသကြီး**						
	၁ မုံရွာမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၅	**တနင်္သာရီတိုင်းဒေသကြီး**						
	၁ ထားဝယ်မြို့	ကောင်းမွန်					
	၂ ကော့သောင်းမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၆	**ပဲခူးတိုင်းဒေသကြီး**						
	၁ ပဲခူးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၂ တောင်ငူမြို့	ကောင်းမွန်					
	၃ ပြည်မြို့	ကောင်းမွန်					
	၄ သာယာဝတီမြို့	ကောင်းမွန်			လက်ခံ နိုင်သော	ကောင်းမွန်	
၇	**မကွေးတိုင်းဒေသကြီး**						
	၁ မကွေးမြို့	ကောင်းမွန်					
	၂ သရက်မြို့	_	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်
၈	**ဧရာဝတီတိုင်းဒေသကြီး**						
	၁ ပုသိမ်မြို့	ကောင်းမွန်					
	၂ ဖျာပုံမြို့	ကောင်းမွန်					
၉	**ကချင်ပြည်နယ်**						
	၁ မြစ်ကြီးနားမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၁၀	**ကယားပြည်နယ်**						
	၁ လွိုင်ကော်မြို့	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်	
၁၁	**ကရင်ပြည်နယ်**						
	၁ ဘားအံမြို့	ကောင်းမွန်					
	၂ မြဝတီမြို့	ကောင်းမွန်					
၁၂	**မွန်ပြည်နယ်**						
	၁ မော်လမြိုင်မြို့	ကောင်းမွန်					
	၂ သထုံမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၃ ချောင်းဆုံမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
၁၃	**ရှမ်းပြည်နယ်**						
	၁ တောင်ကြီးမြို့	လက်ခံ နိုင်သော	ကောင်းမွန်				
	၂ ကျိုင်းတုံမြို့	လက်ခံ နိုင်သော	_	_	_	_	_
	၃ တာချီလိတ်မြို့	လက်ခံ နိုင်သော	_	_	_	_	_

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

စာပေ၏ အလင်းဖြင့် လူသားတို့၏ အနာဂတ်ကို ထွန်းလင်းကြပါစို့

ဒေါက်တော်(သလွန်မြေ)

လူသားတို့၏သမိုင်းကို ဓားဖြင့် မရေးခဲ့ကြပေ။ သွေးဖြင့်လည်း မရေးခဲ့ကြပေ။ စာလုံးများဖြင့်သာ ရေးသားခဲ့ကြသည်။ အချိန်၏ လေပြေတိုက်ခတ်မှုကြောင့် ကျောက်တုံးများ ကြေမွသွားနိုင်သော်လည်း စာပေ၏ အသက်ရှူသံကိုကား အချိန်က မဖျောက်ဖျက်နိုင်ခဲ့။ "အလင်း" ဟူသော စကားလုံးသည် မှောင်မိုက်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ "စာပေ" သည်လည်း မသိနားမလည်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ လူသားတစ်ဦး၏ မျက်စိကို နေမင်းက အလင်းပေးသော်လည်း စိတ်နှလုံးကိုမူ ပညာကသာ အလင်းပေးနိုင်သည်။

"ပညာသည်သာ အမြဲတည်သော ဥစ္စာဖြစ်သည်" ဟူသော မြန်မာ့ဆိုရိုးစကားသည် စကားလုံးအနည်းငယ်ဖြင့် လူ့ဘဝ၏အခြေခံတန်ဖိုးနှင့် မြန်မာလူမျိုးတို့၏ ဘဝဒဿနကို နက်ရှိုင်းစွာ ဖော်ညွှန်းထားသော ဉာဏ်ပညာအမွေအနှစ် တစ်ရပ်ဖြစ်သည်။ ဤဆိုရိုးစကားသည် ပညာကို မည်သည့်အခြေအနေ၊ မည်သည့်အချိန်ကာလ တွင်မဆို တန်ဖိုးမလျော့ဘဲ လူတစ်ဦး၏ဘဝ တိုးတက်မှုနှင့် အနာဂတ်အောင်မြင်မှုကို အစဉ် အမြဲ အထောက်အကူပြုနိုင်သော အဖိုးမဖြတ်နိုင် သည့် ဥစ္စာရတနာအဖြစ် ရှုမြင်ထားကြောင်း ထင်ဟပ်စေသည်။

ထို့ကြောင့် ပညာကို ဥစ္စာရတနာတစ်ပါးအဖြစ် သဘောထား၍ အစဉ်လေ့လာဆည်းပူးခြင်းသည် တစ်ဦးချင်း၏ အောင်မြင်မှုသာမက မိသားစု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုသည့် အခြေခံ အုတ်မြစ်ဖြစ်ကြောင်း ဤဆိုရိုးစကားက ယနေ့ ထက်တိုင် သက်သေပြလျက်ရှိသည်။

၁၉၆၄ ခုနှစ်မှ စတင်ခဲ့သော **"အရေး၊ အဖတ်၊ အတွက် (Three Rs)"** လှုပ်ရှားမှုသည် သင်ကြား ရေးအစီအစဉ်တစ်ခုမျှမဟုတ်ဘဲ နိုင်ငံလုံးဆိုင်ရာ အသိဉာဏ်နိုးကြားရေးလှုပ်ရှားမှုကြီး တစ်ရပ်ဖြစ်ခဲ့ သည်။ နွေရာသီအားလပ်ရက်များတွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များသည် ကျေးလက်ဒေသများသို့ သွားရောက်ကာ မီးခိုးရောင် ထန်းလက်မိုးအိမ်များအောက်၌ စာသင် ပေးခဲ့ကြသည်။

စာသင်ကြားခြင်းသည် စာလုံးများကို ရေးပြ ခြင်းထက် ပိုမိုနက်ရှိုင်းသော အဓိပ္ပာယ်ရှိသည်။ စာမတတ်သူတစ်ဦး၏ လက်ကိုကိုင်၍ အက္ခရာ တစ်လုံး ရေးပေးလိုက်သည့်အချိန်တွင် သူ၏ လက်ချောင်းများသာ လှုပ်ရှားသွားခြင်းမဟုတ်ဘဲ မျှော်လင့်ချက်များလည်း နိုးထလာသည်။ **"ကျွန်တော် စာဖတ်တတ်ပြီ"** ဟူသော ဝမ်းမြောက် သံသည် သာမန်စကားတစ်ခွန်းမဟုတ်ဘဲ လူ့ဂုဏ် သိက္ခာ ပြန်လည်ရှင်သန်လာသည့်အသံဖြစ်သည်။ ယင်းကြိုးပမ်းမှုများကြောင့် သန်းနှင့်ချီသော ပြည်သူများ စာတတ်မြောက်လာခဲ့ကြသည်။

ထိုစေတနာနှင့် အနစ်နာခံမှုတို့သည် နိုင်ငံတော် နယ်နိမိတ်အတွင်း၌သာ အသိအမှတ်ပြုခံခဲ့ရ သည်မဟုတ်ပါ။ UNESCO က ၁၉၇၁ ခုနှစ်တွင် Mohammad Reza Pahlavi Prize ကို လည်း ကောင်း၊ ၁၉၈၃ ခုနှစ်တွင် Noma Literacy Prize ကို လည်းကောင်း ချီးမြှင့်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုများကို ကမ္ဘာ့ပညာ ရေးသမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ခြင်းဖြစ် သည်။ ဤဆုတံဆိပ်များသည် သတ္တုဖြင့် ပြုလုပ် ထားသော အမှတ်တရများသာမဟုတ်ဘဲ ပြည်သူ တို့၏ စေတနာ၊ မေတ္တာနှင့် အသိပညာအပေါ် သစ္စာ ရှိမှုကို ကမ္ဘာက အသိအမှတ်ပြုခဲ့သည့် ဂုဏ်ပြု လက်မှတ်များ ဖြစ်သည်။

သမိုင်းသည် ဂုဏ်ယူရန်အတွက်သာမဟုတ်ပေ။ သမိုင်းသည် ရှေ့ဆက်လျှောက်ရန် လမ်းညွှန် ဖြစ်သည်။ ယနေ့ခေတ်တွင် စာတတ်မြောက်ရေး၏ အဓိပ္ပာယ်သည် ပိုမိုကျယ်ပြန့်လာပြီဖြစ်သော်လည်း အတိတ်က စေတနာ့ဝန်ထမ်းစိတ်ဓာတ်၊ ပညာကို အမျိုးသားရေးတာဝန်အဖြစ် ရှုမြင်ခဲ့သော အမြင်နှင့် **"လူတစ်ယောက်ကို စာတတ်မြောက် စေခြင်းသည် မျိုးဆက်တစ်ဆက်ကို ဖြွံ့တင်ပေး ခြင်းဖြစ်သည်"** ဟူသော ယုံကြည်ချက်တို့မှာ ဘယ်တော့မှ မပျောက်ပျက်သင့်သော အမွေအနှစ် များဖြစ်သည်။

စာတတ်မြောက်ရေးကို အစိုးရ၏ တာဝန် တစ်ရပ်အဖြစ်သာမဖြင့်ဘဲ ပြည်သူအားလုံး၏ လူမှု တာဝန်အဖြစ် ရှုမြင်သင့်သည်။ ယနေ့အထိ ပညာ သင်ယူခွင့်မရရှိသေးသူများ၊ စီးပွားရေး အခက် အခဲကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိသွားသူ များအတွက် ကျွန်ုပ်တို့၏ စာနာမှုသည် စကားလုံး များတွင်သာ မရပ်တန့်သင့်ဘဲ လက်တွေ့အခွင့် အလမ်းများအဖြစ် ပြောင်းလဲရမည်ဖြစ်သည်။ ယနေ့စတင်သော သင်ယူမှုသည် မနက်ဖြန်၏ ကံကြမ္မာကို ပြန်လည်ရေးသားနိုင်သည်။ ကမ္ဘာပေါ် တွင် အလှဆုံးသော အရာတစ်ခုမှာ လူတစ်ဦး၏ စိတ်ထဲတွင် **"ငါလည်း သင်ယူနိုင်သည်"** ဟူသော ယုံကြည်ချက်ပွင့်လန်းလာခြင်းဖြစ်သည်။ စာမတတ် ခြင်းသည် ရုက်စရာမဟုတ်၊ သင်ယူရန် လက်လျှော့ လိုက်ခြင်းသာ အမှန်တကယ် ဆုံးရှုံးမှုဖြစ်သည်။

စာမတတ်ခြင်း၊ ဗဟုသုတ မရှိခြင်းတို့ကြောင့် အနိုင်ကျင့် ဖိနှိပ်စော်ကားခံနေရသော ပြည်သူများစွာ၏ ဘဝအမှောင်ထုသည် ရင်နှင့်ဖွယ်ရာ ရှိနေဆဲဖြစ်သည်။ ဤသို့သော အခက်အခဲများကို **ကျော်လွှားရန် ပညာရေးသည်သာလျှင် အကောင်း ဆုံးသော ဒိုင်းလွှားနှင့် ဓားလုံဖြစ်သည်။ အတန်း ပညာ လွတ်ကင်းခဲ့ရသည့်တိုင် Community Learning Centers (CLC) များ၊ ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်းပညာရေး (NFPE & NFME) လမ်းကြောင်းများမှတစ်ဆင့် ပုံမှန်ပညာ ရေးစနစ်သို့ ပြန်လည်ကူးပြောင်းကာ မိမိတို့၏ ပညာရေးအခွင့်အရေးများကို တည်ဆောက်ကြ ရမည်ဖြစ်သည်။ မည်သည့်အသက်အရွယ်တွင်မဆို သင်ယူမှုကို ပြန်လည်စတင်နိုင်ပြီး မည်သည့် အခြေအနေတွင်မဆို မျှော်လင့်ချက်ကို ပြန်လည် တည်ဆောက်နိုင်သည်။**

စာမတတ်သူ၏ မျက်ရည်နှင့် မျှော်လင့်ချက်

ကမ္ဘာပေါ်တွင် လူသားတစ်ဦး၏ မျက်ရည်သည် အရေသာအားဖြင့် အတူတူပင် ငန်သည်။ သို့သော် ထိုမျက်ရည်၏ အကြောင်းရင်းများမှာ မတူညီ ကြပေ။ အချို့သည် ဆင်းရဲခြင်းကြောင့် ငိုရသည်။ အချို့သည် နာကျင်မှုကြောင့် ငိုရသည်။ အချို့ကမူ စာမတတ်ခြင်းကြောင့် မျက်ရည်ကျရသည်။ ထိုမျက်ရည်များကို အနီးကပ်ကြည့်မည်ဆိုလျှင် **"အက္ခရာ"** မသိခြင်း၏ နောက်ကွယ်တွင် **"အခွင့် အရေး"** ဆုံးရှုံးခြင်း၊ **"ယုံကြည်မှု"** လျော့နည်းခြင်း နှင့် **"အိပ်မက်"** မပြည့်ဝနိုင်ခြင်းတို့ကို တွေ့မြင်ရ လိမ့်မည်။

စာမတတ်သူတစ်ဦးသည် စာတစ်ကြောင်းကို မဖတ်နိုင်ခြင်းထက်ပို၍နာကျင်ရသည်မှာ မိမိ၏ အမည်ကို ကိုယ်တိုင်မရေးနိုင်ခြင်းဖြစ်သည်။ လက်မှတ်ထိုးရမည့်နေရာတွင် လက်ဗွေရာကိုသာ ထိုးရသောအခါ ထိုလက်ဗွေရာသည် မင်အနက် တစ်စက်သာ မဟုတ်တော့ဘဲ ဘဝတစ်ခု၏ တိတ်ဆိတ်သော ဝမ်းနည်းမှုကို ရေးထိုးထားသည့် အမှတ်အသားတစ်ခု ဖြစ်သွားသည်။ စာရွက်ပေါ်ရှိ စာလုံးများကို မဖတ်နိုင်သောကြောင့် အခြားသူကို မျက်နှာမူ၍ မေးမြန်းရသည့် အခိုက်အတန့်များ သည် လူ့ဂုဏ်သိက္ခာကို တိတ်တဆိတ်ထိခိုက်စေ တတ်သည်။ ထိုအချိန်တွင် သူတို့လိုအပ်သည်မှာ

"ယနေ့ခေတ်၏ စာတတ်မြောက်သူသည် စာဖတ်မြန်သူမဟုတ်၊ အတွေးနက်သူ ဖြစ်ရမည်။ သတင်းများကို မှုဝေမြန်သူမဟုတ်၊ အမှန်တရားကို စိစစ်တတ်သူ ဖြစ်ရမည်။ စက်ပစ္စည်းများကို အသုံးပြုတတ်ခြင်းထက် မှန်ကန်သော အသိဉာဏ်ဖြင့် အသုံးပြုတတ်ခြင်းက ပို၍ အရေးကြီးလာသည်"

ဒီဂျစ်တယ်ခေတ်နှင့် အသိဉာဏ်၏ အဓိပ္ပာယ်သစ်

ယနေ့ကမ္ဘာကြီးသည် လက်ဖဝါးအရွယ် ဖန်သားပြင်တစ်ခုပေါ်တွင် စုစည်းလာပြီဖြစ်သည်။ သတင်းတစ်ပုဒ်သည် စက္ကန့်ပိုင်းအတွင်း ကမ္ဘာ တစ်ဝန်းသို့ ရောက်ရှိသွားနိုင်သည်။ သို့သော် ထိုအရှိန်အဟုန်ကြောင့်ပင် မေးခွန်းတစ်ခု ပေါ်ပေါက် လာသည်- ကျွန်ုပ်တို့သည် သတင်းကို ဖတ်တတ် သူများ ဖြစ်သလား၊ သို့မဟုတ် အမှန်တရားကို ဖတ်တတ်သူများ ဖြစ်သလား။ ယနေ့ခေတ်တွင် စာတတ်မြောက်ရေး၏ အဓိပ္ပာယ်သည် စာဖတ် တတ်ခြင်း၊ စာရေးတတ်ခြင်းကို ကျော်လွှန်၍ ဒီဂျစ်တယ်အသိပညာ၊ သတင်းအချက်အလက်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် ကျင့်ဝတ်နှင့်အညီ နည်းပညာအသုံးချနိုင်စွမ်းတို့အထိ တိုးချဲ့လာခဲ့ သည်။

ယနေ့ခေတ်၏ စာတတ်မြောက်သူသည် စာဖတ်မြန်သူမဟုတ်၊ အတွေးနက်သူ ဖြစ်ရမည်။ သတင်းများကို မှုဝေမြန်သူမဟုတ်၊ အမှန်တရားကို စိစစ်တတ်သူ ဖြစ်ရမည်။ စက်ပစ္စည်းများကို အသုံးပြုတတ်ခြင်းထက် မှန်ကန်သော အသိဉာဏ်ဖြင့် အသုံးပြုတတ်ခြင်းက ပို၍အရေးကြီးလာသည်။

လူသားတိုင်း၏ တာဝန် - စာတစ်အုပ်၊ အသိတစ်ခု၊ အနာဂတ်တစ်ခု

စာတတ်မြောက်ရေးကို အစိုးရ၏ တာဝန် တစ်ရပ်အဖြစ်သာမဖြင့်ဘဲ ပြည်သူအားလုံး၏ လူမှု တာဝန်အဖြစ် ရှုမြင်သင့်သည်။ ဤအပြည်ပြည် ဆိုင်ရာ စာတတ်မြောက်ရေးနေ့တွင် အလေးအနက် ထား ဂါရဝပြုမှုကို ကမ္ဘာတစ်ဝန်းရှိ ဆရာ ဆရာမ များ၊ စေတနာ့ဝန်ထမ်းများ၊ စာကြည့်တိုက်မှူးများ နှင့် အသိပညာကို မျိုးဆက်သစ်ထံ လက်ဆင့်ကမ်း ပေးနေသူ အားလုံးထံသို့ ပို့သအပ်ပါသည်။

ယနေ့တိုင် စာမတတ်သေးသူများ၊ ကျောင်း ပြင်ပသို့ ရောက်ရှိနေသော ကလေးငယ်များနှင့် ပညာရေးအခွင့်အရေးနှင့် ဝေးကွာနေသော လူငယ် များအား ပြောကြားလိုသည်မှာ- သင်တို့သည် ကျရှုံးခြင်းသည် အကြည့်မဟုတ်၊ လက်တွဲ ခေါ်ဆောင်မည့် အသိပညာ၏ လက်တစ်ဖက်သာ ဖြစ်သည်။

နောက်ကျကျန်ရစ်သူများ မဟုတ်ပါ။ သင်တို့သည် မျှော်လင့်ချက်ကို စောင့်မျှော်နေသူများသာ ဖြစ်ပါ သည်။ ဘဝသည် အချို့သူများကို ကျောင်းတံခါးနှင့် ဝေးကွာစေခဲ့နိုင်သည်။ သို့သော် လူတစ်ဦး၏ ဘဝကို အတိတ်ကသာ မသတ်မှတ်နိုင်ပါ။ ယနေ့ စတင် သော သင်ယူမှုသည် မနက်ဖြန်၏ ကံကြမ္မာကို ပြန်လည်ရေးသားနိုင်သည်။

ကမ္ဘာပေါ်တွင် အလှဆုံးသော အရာတစ်ခုမှာ ပန်းတစ်ပွင့် ပွင့်ခြင်းမဟုတ်၊ လူတစ်ဦး၏ စိတ်ထဲ တွင် **"ငါလည်း သင်ယူနိုင်သည်"** ဟူသော ယုံကြည် ချက် ပွင့်လန်းလာခြင်းဖြစ်သည်။ သင်ယူခြင်းတွင် နောက်ကျသည်ဟူ၍မရှိပါ။ မနက်ခင်းတွင် ပွင့်သော ပန်းသည် လှသကဲ့သို့ ညနေပိုင်းတွင် ပွင့်သော ပန်းလည်းလှသည်။ အရေးကြီးသည်မှာ ပွင့်နိုင် ခြင်းသာဖြစ်သည်။ ထို့အတူ ဘဝ၏ မည်သည့် အချိန်တွင်မဆို အသိပညာကို လက်ခံနိုင်သေးသရွေ့ လူတစ်ဦး၏ အနာဂတ်သည် အသက်ဝင်နေဆဲ ဖြစ်သည်။

မိဘများသည် စာဖတ်ဝါသနာကို မျိုးဆက်သစ် ထံ လက်ဆင့်ကမ်းပေးကြပါစို့။ လူမှုအဖွဲ့အစည်း များသည် စာကြည့်တိုက်များ၊ စာဖတ်အသင်းများ နှင့် သင်ယူမှုအခွင့်အလမ်းများကို တိုးချဲ့ဖန်တီး ပေးကြပါစို့။ စာအုပ်တစ်အုပ် လက်ဆောင်ပေးခြင်း သည် အသိဉာဏ်တစ်ခု လက်ဆောင်ပေးခြင်း ဖြစ်ပြီး အသိဉာဏ်တစ်ခုပေးအပ်ခြင်းသည် အနာ ဂတ်တစ်ခုကို တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။

အသိဉာဏ်၏ အလင်းကို ထာဝရလက်ဆင့်ကမ်းကြစို့

အချိန်သည် မည်သည့်အရာကိုမျှ မစောင့်ဆိုင်း ပေ။ ရာသီများ ပြောင်းလဲသွားသကဲ့သို့ ခေတ်များ လည်း ပြောင်းလဲသွားသည်။ သို့ရာတွင် ခေတ်တိုင်း၊ နေရာတိုင်း၊ လူမျိုးတိုင်း၌ မပြောင်းလဲဘဲ တည်ရှိနေ သည့် အရာတစ်ခုရှိသည်- ယင်းမှာ တန်ဖိုးဖြစ်သည်။ စာတတ်မြောက်ရေးသည် စာလုံးများကို ဖတ်နိုင် ခြင်းမျှ မဟုတ်ပေ။ ယင်းသည် လူသား၏စိတ်ကို ဖွင့်ပေးသော သော့တစ်ချောင်း၊ ဘဝ၏ အခက်အခဲ များကို ရင်ဆိုင်နိုင်သော ဘတ္တိတစ်ခုနှင့် အမှားနှင့် အမှန်ကို ခွဲခြားနိုင်သော ဆင်ခြင်တုံတရားတစ်ရပ် ဖြစ်သည်။

စာအုပ်တစ်အုပ်ကို မျှဝေခြင်း၊ ကလေးတစ်ဦး ကို စာဖတ်ပြခြင်း၊ စာမတတ်သေးသူတစ်ဦးကို အက္ခရာတစ်လုံး သင်ပေးခြင်း-ထိုအရာများသည် သေးငယ်သော လုပ်ရပ်များဟု ထင်ရသော်လည်း လူသားမျိုးနွယ်၏အနာဂတ်ကို ပြောင်းလဲပေး နိုင်သော မျိုးစေ့များဖြစ်သည်။ စာတတ်မြောက် ရေးသည် ပညာရေးအစီအစဉ်တစ်ခုမျှမဟုတ်ဘဲ လူသားမျိုးနွယ်၏ ထာဝရအလင်းတိုင်ဖြစ်သည်။ စာပေသည် လူကို ဖြွံ့တင်သည်။ ပညာသည် နိုင်ငံ ကို ဖြွံ့တင်သည်။ အသိဉာဏ်သည် ကမ္ဘာကြီးကို ငြိမ်းချမ်းစေသည်။ လူတစ်ဦးသည် လူ့အဖွဲ့အစည်း ကို ပြောင်းလဲစေသည်။ လူ့အဖွဲ့အစည်းသည် နိုင်ငံ တစ်နိုင်ငံကို ဖြွံ့တင်စေသည်။ နိုင်ငံများ၏ အသိ ဉာဏ်စုစည်းမှုသည် ငြိမ်းချမ်း၍ တရားမျှတသော ကမ္ဘာကြီးကို တည်ဆောက်ပေးသည်။

ထို့ကြောင့် စာအုပ်တစ်အုပ်ကို ဖွင့်လှစ်ခြင်းမှ စတင်သော အလင်းရောင်ကို မျိုးဆက်မှ မျိုးဆက်သို့ လက်ဆင့်ကမ်းကြပါစို့။ အသိဉာဏ်၏ မီးအိမ်များ ကို မငြိမ်းစေဘဲ ထာဝရထွန်းလင်းနေစေရန် အတူ တကွ ကြိုးပမ်းဆောင်ရွက်ကြပါစို့။ ။

တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှစတင်၍ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ တောင်ကြီးမြို့ပေါ် ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း များနှင့် တောင်ကြီးမြို့အနီးဝန်းကျင်မြို့၊ ရွာများမှ ပြိုင်ပွဲဝင် အသင်းများက အတီး အမှုတ်၊ အကအခုန်များနှင့် ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင် လွှတ်တင်လျက်ရှိကြသည်။

အဆိုပါတောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲ၏ နေ့လွှတ်အရှပ် မီးပုံးပျံပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် အဝေရာကုန်းသာယာ မီးပုံးပျံကွင်းကြီးအတွင်း၌ ဆက်လက်ကျင်းပလျက်ရှိသည်။

စတုတ္ထနေ့ပြိုင်ပွဲတွင် ပြိုင်ဝင်အသင်း (၃၉) သင်းတို့က မိမိတို့၏ လက်ရာ မြောက် အရှပ်မီးပုံးပျံများကို စနစ်တကျပြင်ဆင်ပြီး သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကောင်းကင်ယံသို့ လွှတ်တင်ကာ အားသွန်ခွန်စိုက်ယှဉ်ပြိုင်ခဲ့ကြရာ မီးပုံးပျံများ လွှတ်တင်ချိန်တွင် ပရိသတ်များ၏ အားပေးသံများဖြင့် အထူးစည်ကားလျက်ရှိသည်။



အဆိုပါ တောင်ကြီးမြို့ ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကာလအတွင်း ခေတ်ပေါ်တေးဂီတ ဝိုင်းများ၊ တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့လုံးကျွတ် ဘုံကထိန် ပဒေသာပင်လှည့်လည်ခြင်း၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာ လှည့်လည်ပူဇော်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ညမီးကြိုး (၇၁)လုံး၊ စိန်နားပန် (၄၁)လုံး စုစုပေါင်းနေ့လွှတ်အရှပ်များနှင့် ညမီးကြိုး/စိန်နားပန် မီးပုံးပျံများ(၅၆၁) လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ညလွှတ်မီးပုံးပျံကို ညနေ ၆ နာရီခွဲမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရှပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကျင်းပစဉ် ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်သူများ နေ့စဉ် လာရောက် ကြည့်ရှုသူများဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်အေးချမ်းစွာ ဆက်လက်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား



တက်ရောက်လာကြသူများကအောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အွန်လိုင်းလိမ်လည်မှု (TELECOM FRAUD)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား နှစ်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချုစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် မလေးရှားနိုင်ငံသား နှစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချုစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုကြည်မှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Hew Tse Hou နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေး ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၄၃ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၃၆၅ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၇၈ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

* *ကျောဖုံးမှ*

ကမ္ဘာ့ဒီးယားအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၀ မိနစ်မှာပင် ပွိုင်ဘိုတီက သွင်းယူပေးခဲ့ပြီး မြန်မာအသင်း၏ ချေပဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀ တွင် အောင်မြတ်သာက ခေါင်တိုက်သွင်းယူပေးခဲ့သည်။ မြန်မာယူ-၁၇ အသင်းသည် လက်ကျန်ပွဲစဉ် တစ်ပွဲကစားရန် ကျန်ရှိသေးသော်လည်း ယနေ့ပွဲစဉ်တွင် သရေကျခဲ့သဖြင့် အာရှဖလားခြေစစ်ပွဲ အောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။

သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (A) ပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက အာဖဂန်နစ္စတန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် သုံးပွဲစလုံး အနိုင်ရရှိကာ ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမနေရာမှ ဦးဆောင်လျက်ရှိပြီး နိုဝင်ဘာ ၂၀ ရက်တွင် မြန်မာယူ-၁၇ အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-MFF

◆ *ကျောဖုံးမှ*

အဆင့် (၅)နေရာမှ ရန်ကုန်စီးတီးနှင့် ချန်ပီယံဖြစ်ရေး မျှော်မှန်းထားသည့် ISPE အသင်းတို့ နိုဝင်ဘာ ၂၁ ရက်တွင် ဗဟန်းကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်စီးတီးအသင်းသည် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန်နှင့် ISPE အသင်းသည် အမှတ်ပေးဇယားထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်ကို ဖိအားပေးရန် အနိုင်ရလဒ်များ အသီးသီးလိုအပ်နေသည်။

အပတ်စဉ် (၂၅)ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

အပတ်စဉ် (၂၅) ပွဲစဉ်များ အဖြစ် နိုဝင်ဘာ ၁၈ ရက်တွင် စစ်ကိုင်းယူနိုက်တက်နှင့် ဒဂုံစတား ယူနိုက်တက်၊ နိုဝင်ဘာ ၂၀ ရက်တွင် ဇရာဝတီယူနိုက်တက်နှင့် Falcon၊ မြဝတီနှင့် သစ္စာအားမာန်၊ နိုဝင်ဘာ ၂၁ ရက်တွင် ချင်းလန်းနှင့် ရတနာပုံ၊ နိုဝင်ဘာ ၂၂ ရက်တွင် ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-ML

ထားဝယ်မြို့၌ ကာယဗလနှင့် ကာယကြံ့ခိုင်မှု လူရွေးပြိုင်ပွဲကျင်းပ

ထားဝယ် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကာယဗလနှင့် ကာယကြံ့ခိုင်ရေး ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှု လူရွေးပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြတ်သူနိုင်ကအငယ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံပယ်သွင်က အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို လည်းကောင်း၊ ခရိုင်ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီနာယက ဦးစိုးမိုးနိုင်က အကြီးတန်းကာယဗလမောင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။



ဒွေဇင်ယော်(ထားဝယ်)

ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"နိုင်ငံ၏ အဖိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရံသာမက ပြည်သူ့အကျိုးစီးပွား ထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေမဲ့စွာကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"စစ်ရေးပစ်မှတ်မဟုတ်တဲ့ ပြည်သူပိုင်အဆောက်အအုံတွေကို ယုတ်မာရိုင်းစိုင်းစွာ ရည်ရွယ်ချက်ရှိရှိ ဖြိမ်းခြောက်ဖျက်ဆီး တိုက်ခိုက်နေကြတဲ့ အကြမ်းဖက် PDF များ "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရေကြည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကြိမ်၊ ဝါး၊ လက်မှုပစ္စည်း ထုတ်ကုန်သင်တန်းဆင်း

ရေကြည် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ကြိမ်၊ ဝါးလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ကြိမ်၊ဝါး၊လက်မှုပစ္စည်း ထုတ်ကုန်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၄ ရက်က မင်္ဂလာအောင်သိဒ္ဓိကျောင်းတိုက်(ဓမ္မာရုံ)၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့်တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများ



သင်တန်းဆရာ ဆရာမများ၊ သင်တန်းသူ သင်တန်းသား ၂၀ အပါအဝင် စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ညောင်လေးပင်ခရိုင်၌ မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မွေးမြူရေးဆိုင်ရာ နည်းပညာပေး



ညောင်လေးပင် နိုဝင်ဘာ ၁၇

ညောင်လေးပင်မြို့နယ်၌ သမဝါယမဦးစီးဌာနမှ မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေး အတွက် မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို နိုဝင်ဘာ ၁၆ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်တာဝန်ခံ မြို့နယ်ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

အဆိုပါ နှစ်ရက်ကြာ နည်းပညာပေးသင်တန်းကို ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး မြို့နယ်များမှ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

ညောင်တုန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းဆင့်ပွားသင်တန်းဖွင့်

ညောင်တုန်း နိုဝင်ဘာ ၁၇

ညောင်တုန်းမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းဆင့်ပွားသင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာစိန်ဝင်းက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည့်နေရာဒေသ၊ ကောက်ယူမည့်နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊



စာရေးဝန်ထမ်းများ တက်ရောက်ပြီး မြို့နယ်အတွင်း ရပ်ကွက် ၁၀ ခု၊ ကျေးရွာ ၃၀၈ ရွာမှ အိမ်ထောင်စု ၅၄၇၉၃ စုရှိ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အတွင်း အိမ်တိုင်ရာရောက် ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လပွတ္တာမြို့နယ်၌ အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

လပွတ္တာ နိုဝင်ဘာ ၁၇

လပွတ္တာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ တာဝန်ရှိသူများက မြို့နယ်အတွင်း လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး နိုဝင်ဘာ ၁၆ ရက်က အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



အမရပူရမြို့နယ်၌ အားကောင်းသော အယ်လ်နီညိုရာသီဥတုကြောင့် မလိုလားအပ်သော မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မျိုးထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၆ ရက်က ရေကြည်ပေါက်ကျေးရွာတွင် လက်တွေ့မီးငြိမ်းသတ်မှုတို့ကို သရုပ်ပြခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။ လဲ့လဲ့ခိုင်



ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်တွင် နိုဝင်ဘာ ၁၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သန်းဌေးနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ပုဇွန်တောင်ဈေး ဈေးရုံတွင်း/ဈေးရုံပြင်တို့၌ မီးလန့်မှုများ မဖြစ်ပွားစေရန်အတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ကော့သောင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

ကော့သောင်း နိုဝင်ဘာ ၁၇

ကော့သောင်းမြို့တွင် အမှတ် (၇၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကော့သောင်း)မှ ဒုရဲမှူးထင်ကျော်ဦးနှင့်အတူ တပ်ဖွဲ့ဝင်များက အမှတ်(၁)အခြေခံပညာအထက်တန်းမြတ်ရတနာခန်းမ၌ ယနေ့ နံနက်ပိုင်းက မော်တော်ယာဉ်မောင်းနှင်သူများ လိုက်နာရန် အချက်များနှင့် ဥပဒေများ၊ လမ်းဖြတ်ကူးခြင်းနှင့် ခြေကျင်လျှောက်သူ လိုက်နာရမည့်အချက်များ၊ မီးပွိုင့်နှင့် လမ်းညွှန်အမှတ်အသားများ၊ အနှေးယာဉ်နှင့် မော်တော်ဆိုင်ကယ် စီးနင်းသူ လိုက်နာရမည့် အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဗဟုသုတရဖွယ် အကြောင်းအရာများ အသိပညာပေးဟောပြောပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးမှတ်တမ်းဓာတ်ပုံ၊ ဗီဒီယို ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။



ခရိုင်(ပြန်/ဆက်)

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက် မသွားအောင် ထိန်းသိမ်းပေး။

မြို့သစ်မြို့နယ် ငကျောင့်ကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

မြို့သစ် နိုဝင်ဘာ ၁၇

ငကျောင့်ကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းထောက်ပံ့ငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၇ သန်း စုစုပေါင်းငွေကျပ် ၄၂ သန်းဖြင့် အောက်တိုဘာ ၁၂ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး ငကျောင့်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

အထွေး

တိုက်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် မြို့နယ်အခွန် ဦးစီးဌာနမှူးတို့က ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်း စရာများ၊ လိုက်နာရမည့်အချက်များနှင့် ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များ အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဝတ်ရည်(ပြန်/ဆက်)



လယ်ဝေးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး

နေပြည်တော် နိုဝင်ဘာ ၁၇

လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံးတောင်ကျေးရွာ၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးရာထူးရှိ သူများက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မူမမှန်တိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရန်၊ လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက တက်ရောက်လာသော ဒေသခံပြည်သူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

နော်လူး

ဓနုဖြူမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအား ပညာပေးဆွေးနွေး

ဓနုဖြူ နိုဝင်ဘာ ၁၇

ဓနုဖြူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအွန်မောင်း(ခ)ဦးအောင်ထွန်းနိုင်က မြို့နယ်အတွင်း ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအား တံဆိပ်ခေါင်း ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများ ရောင်းချခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး၊ ရောင်းချရာတွင် သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာရောင်းချရေး၊ စာရင်းဇယားများ စနစ်တကျထားရှိရေးနှင့် သတ်မှတ်စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးခဲ့သည်။

သော်ဇင်(ပြန်/ဆက်)

ဒေါပုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

ဒေါပုံ နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလွင်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)





အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေစဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

ဘီးလင်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း

ဘီးလင်း နိုဝင်ဘာ ၁၇

ဘီးလင်းမြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီတာအေးက လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ လိုက်နာရမည့် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပန်ဆောင်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ပန်ဆောင် နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်မြို့ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ ရက်က မူးယစ်ဆေးဝါးအန္တရာယ်ဟောပြောပွဲ ကျင်းပရာ ပန်ဆောင်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးယိန်းဝါးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် တားဆီးနှိမ်နင်းရေး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နံရံကပ်စာစောင် ပြသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



လသာမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

လသာ နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်က လသာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ခိုင်ဇာလှိုင်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နေလင်း(ပြန်/ဆက်)



ကော့သောင်းမြို့၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းကောက်ယူ

ကော့သောင်း နိုဝင်ဘာ ၁၇

ကော့သောင်းမြို့နယ်၌ ယနေ့ညနေပိုင်းက အဏ္ဏဝါရပ်ကွက်ကုန်သည်လမ်းအတွင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များက အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) နှင့် မြေပြင်တွင် အမှန်တကယ် နေထိုင်သူစာရင်းကို စစ်ဆေး၍ မြေပြင်အမှန်တကယ်နေထိုင်သူ လူဦးရေစာရင်းများ ကောက်ယူခြင်း ဆောင်ရွက်ခဲ့ရာ ခရိုင်မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာများ ခရီးသွားများဖြင့် ပြည့်လျက်ရှိ



တောင်ကြီး နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် ဂုဏ်ဆောင် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာများ ရာခိုင်နှုန်းပြည့်နီးပါး ခရီးသွားများဖြင့် ပြည့်နေကြောင်း တောင်ကြီးမြို့ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော်လာရောက်သည့် ခရီးသွားများ တည်းခိုမှုအနေဖြင့် နိုဝင်ဘာ ၁၀ ရက်တွင် တောင်ကြီးမြို့ရှိ ဟိုတယ်နှင့် တည်းခိုခန်းများ၌ ၆၈ ဒသမ ၉၉ ရာခိုင်နှုန်း၊ ညောင်ရွှေမြို့၌ ၈ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် ကလောမြို့၌ ၃၂ ဒသမ ၆၀ ရာခိုင်နှုန်း တည်းခိုမှုရှိကြောင်း၊ ပွဲတော်ဖွင့်ပွဲနေ့ဖြစ်သည့် နိုဝင်ဘာ ၁၆ ရက်တွင် ညောင်ရွှေမြို့၌ ၁၉ ဒသမ ၃၃ ရာခိုင်နှုန်း၊ ကလောမြို့၌ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ အောင်ပန်း/ဟဲဟိုးမြို့၌ ၄၀ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် တောင်ကြီးမြို့၌ ၉၈ ဒသမ ၉၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

"ဒီနှစ်တန်ဆောင်တိုင်ပွဲတော်မကျင်းပမီကတည်းက ဟိုတယ်နဲ့ တည်းခိုရိပ်သာတွေမှာ အခန်းတွေ ကြိုတင်မှာ ယူထားကြတယ်။ ဟိုတယ်နဲ့ တည်းခိုခန်း ၁၀၀ ရာခိုင်နှုန်းနီးပါး ပြည့်နေတာကို တွေ့ရပါတယ်။ တခြားနေရာတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာလည်း ခရီးသွားတွေ အပြည့်ပါပဲ။ နောင်နှစ် ပွဲတော်ကာလမှာလည်း အခုလိုပဲ လာရောက်အားပေးဖို့ နွေးထွေးစွာ ဖိတ်ခေါ်ပါတယ်" ဟု တောင်ကြီးမြို့ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းဇော်က ပြောသည်။

ရှမ်းပြည်နယ်၏ တန်ဆောင်တိုင် ပွဲတော်သည် ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်ဝင်စားမှုနှင့် ကြည့်ရှုအားပေးမှု အများဆုံး ပွဲတော်တစ်ခုဖြစ်ပြီး ပြည်နယ်အတွင်းရှိ တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ အင်းလေးကန်၊ ပင်းတယ မြို့၊ ကလောမြို့နှင့် ရွာငံမြို့တို့တွင် ရေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာယဉ်ကျေးမှုများ၊ လက်မှုပစ္စည်းများ၊ ဒေသထွက် ကုန်များ ပေါများမှုတို့ကြောင့် နှစ်စဉ် ခရီးသွားမပြတ် ဝင်ရောက် လျက်ရှိသည်။

ရှမ်းပြည်နယ်တွင် ဟိုတယ် ၃၃၆ လုံး၊ တည်းခိုခန်း ၁၂၇ လုံး စုစုပေါင်း ၄၆၃ လုံးဖြင့် ပြည်တွင်း/ပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ – ခွဲမာန်

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၁၇

